# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၁၀) ရက် ၊ ကြာသပတေးနေ့ ၊ (30-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၃)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၃၀ ရက်
အယ်ဒီတာ့အာဘော်

# စိတ်ထားကောင်းမှ ကောင်းကျိုးရရှိ

လူ့လောကကြီးတွင် လူတို့သည် တစ်ဦးနှင့်တစ်ဦး ရုပ်ရည်သွင်ပြင်အမူအရာချင်း မတူညီကြသကဲ့သို့ စိတ်ချင်းလည်း ကွဲပြားခြားနားကြပေသည်။ စိတ်ကောင်းနှလုံးကောင်းဖြင့် နေထိုင်သူတို့မှာ ဘဝအဆင့်အတန်းမြင့်မားစွာ နေထိုင်ကြရမည်ဖြစ်ပြီး စိတ်ဆိုးစိတ်ယုတ်တို့ဖြင့် ပြုမူနေထိုင်သူတို့မှာ ဘဝအဆင့်အတန်းနိမ့်ကျစွာ နေထိုင်ကြရမည်ဖြစ်သည်။ စိတ်ထားကောင်းမှ ကောင်းကျိုးကို ခံစားကြရမည်ဖြစ်ပေသည်။

စိတ်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း၌ပင် အပြောင်းအလဲအလွန်မြန်တတ်သည်။ ထို့ကြောင့် မိနစ်ပိုင်းအချိန်အတွင်းမှာပင် စိတ်ကောင်း၊ စိတ်ဆိုး အမျိုးမျိုးဖြစ်တတ်ပေသည်။ စိတ်ပြောင်းလဲတိုင်းတွင် ရုပ်လည်းလိုက်၍ပြောင်းလဲတတ်ကြခြင်းသဘောဖြစ်သည်။ ထိုသို့ပြောင်းလဲပုံမြန်ဆန်သောကြောင့် မိမိစိတ်ကို “စိတ်ကောင်းလား စိတ်ဆိုးလား”ဟု သိရှိအောင် သတိထားကာ စိတ်ကောင်းများများဖြစ်အောင် ပြုပြင်နေထိုင်ကြရမည်ဖြစ်သည်။ သို့မှသာ ကြည်လင်သော၊ သိမ်မွေ့လှပသောရုပ်ရည်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ဖြူစင်သောစိတ်ထားဖြင့် သူတစ်ပါးတို့ကို ကူညီတတ်သူ၊ သနားကြင်နာတတ်သူ၊ ဖေးမစောင့်ရှောက်တတ်သူ၊ မိမိထက်သာသူကို မုဒိတာထားနိုင်သူ၊ မာနတရားမရှိသူတို့မှာ လူချစ်လူခင်ပေါများ၍ စိတ်ချမ်းသာကာ ရုပ်ရည်ပါကြည်လင်လှပနေမည်ဖြစ်သည်။ ထို့ကြောင့် မိမိထက်သာသူတို့ကို မနာလိုစိတ်မဖြစ်ဘဲ မုဒိတာထားနိုင်ရမည်ဖြစ်သည်။ မိမိအောက် နိမ့်ကျသူတို့ကိုလည်း နှိမ့်ချဆက်ဆံခြင်းမပြုဘဲ ကရုဏာတရားဖြင့် စောင့်ရှောက်အပ်ပေသည်။

စိတ်ဆိုးစိတ်ယုတ်ဖြင့် သူတစ်ပါးကို မကောင်းကြံသူ၊ သူတစ်ပါးဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သူ၊ သူတစ်ပါးစီးပွားတို့ကို ဖျက်လိုဖျက်ဆီးပြုသူတို့မှာ နောင်တွင်ပူပန်ရ၊ ကြောင့်ကြရသောကြောင့် စိတ်ညှိုးငယ်ကာ ရုပ်ရည်ပါညှိုးနွမ်း၍ အကျည်းတန်စေမည်ဖြစ်သည်။

လောကတွင် ရုပ်လှ၍ စိတ်မလှသူ၊ စိတ်လှ၍ ရုပ်မလှသူ၊ ရုပ်ရော၊ စိတ်ရောမလှသူ၊ ရုပ်ရောစိတ်ရောလှသူဟူ၍ တွေ့နိုင်သည်။ ရုပ်လှရုံသက်သက်ဖြင့် ကောင်းကျိုးမများနိုင်ပေ။ စိတ်လှမှ၊ စိတ်ကောင်းရှိမှသာ ကောင်းကျိုးများနိုင်ပေမည်။ ရုပ်လှရန်ထက် စိတ်လှရန်က ပို၍အရေးကြီးသည်။ စိတ်လှသူ၊ စိတ်ကောင်းရှိသူသည် လူချမ်းသာအကျိုးကို ရရှိရုံသာမက နိဗ္ဗာန်ချမ်းသာအကျိုးထိတိုင် ရရှိနိုင်ပေသည်။

စိတ်လှသူ၊ စိတ်ကောင်းရှိသူ၊ စိတ်ထားဖြူစင်မြင့်မြတ်သူတို့သည် ရုပ်မလှသူများဖြစ်နေသော်လည်း လူမှုအသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့၌ ပါဝင်လုပ်ကိုင်ပြောဆိုရာတွင် လူချစ်လူခင်ပေါများ၍ လူရာဝင်မည်ဖြစ်သည်။ စိတ်လှသောကြောင့် မိမိတို့ရုပ်ရည်မှာလည်း အမြဲကြည်လင်လှပနေမည်ဖြစ်သည်။ ထို့ကြောင့် စိတ်ယုတ်၊ စိတ်ညံ့တို့ကိုပယ်ဖျောက်၍ စိတ်ကောင်းမွေးကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လူတို့သည် ရုပ်ပိုင်းဆိုင်ရာလှပအောင် ပြင်ဆင်မှုများပြုကြသကဲ့သို့ စိတ်ကောင်းရှိအောင်၊ စိတ်ထားဖြူစင်အောင်လည်း ပြုပြင်ကြရမည်ဖြစ်သည်။ သို့မှသာ ကောင်းကျိုးများရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် လူတို့အနေဖြင့် အပြင်ရုပ်ပိုင်းဆိုင်ရာကို ပြုပြင်ရုံသာမက အတွင်းစိတ်ပိုင်းဆိုင်ရာကိုလည်း အထူးအလေးထားပြုပြင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သကြၤန်ကာလ ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့လည်ပတ်မည့် ခရီးသွားများအတွက် သင်္ဘောအစီးရေ ၅၀ ခန့်ဖြင့် ပြေးဆွဲပေးသွားမည်



**မန္တလေး မတ် ၂၉**

သင်္ကြန်ကာလ ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ လည်ပတ်မည့် ခရီးသွားများအတွက် သင်္ဘောအစီးရေ ၅၀ ခန့် ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မင်းကွန်းဒေသတွင် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် မင်းကွန်းခေါင်းလောင်းကြီး၊ မြသိန်းတန်စေတီ၊ ပုထိုးတော်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင်နေရာအများအပြားရှိကြောင်း၊ အဆိုပါဒေသသို့ ဧပြီလတွင်ကျင်းပမည့် သင်္ကြန်ပွဲတော်ကာလအတွင်း ဂေါဝိန်ဆိပ်ကမ်းမှ ရေယာဉ်များဖြင့် လည်ပတ်မည့်ခရီးသွားများ အဆင်ပြေစေရန် ခရီးသည်တင် သင်္ဘောများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“လာမဲ့ သင်္ကြန်ကာလမှာ မန္တလေး ဂေါဝိန်ဆိပ်ကမ်းကနေ မင်းကွန်းဒေသကို ရေကြောင်းကနေ သွားရောက်လည်ပတ်မဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ အဆင်ပြေစေဖို့အတွက် ခရီးသည်တင်သင်္ဘောတွေပြေးဆွဲပေးသွားမှာပါ။ သင်္ကြန်ကာလမှာ ဂေါဝိန်ဆိပ်ကမ်းကနေ မင်းကွန်းဘက်ကို ပြေးဆွဲနေတဲ့ခရီးသည်တင်သင်္ဘောတချို့လဲ ယာယီရပ်နားထားမှာပါ။ ခရီးသွားတွေအဆင်ပြေဖို့ သင်္ဘောတွေအားလုံးပြေးဆွဲမှုကို ရပ်နားထားမှာမဟုတ်ဘဲ သင်္ဘောအစီးရေ ၅၀ နဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဘက်သို့ မတ်လပထမပတ်က သွားရောက်လည်ပတ်သည့် ခရီးသွားများမှာ တစ်ရက်လျှင် ဦးရေ ၆၀ ကျော်သာရှိကြောင်း၊ မတ်လနောက်ဆုံးပတ်မှစ၍ ၎င်းဆိပ်ကမ်းမှ မင်းကွန်းဒေသဘက်သို့ တစ်ရက်လျှင် ခရီးသွားဦးရေ ၁၅၀ ကျော် ထိရှိလာကြောင်း၊ သင်္ကြန်ကာလတွင်လည်း မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ခရီးသည်တင်သင်္ဘောအစီးရေ ၅၀ ခန့်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂေါဝိန်ဆိပ်ကမ်းတွင် ခရီးသည်လိုက်ပါစီးနင်းသည့် သင်္ဘောအပါအဝင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်စသည့်ကုန်များကို တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၂၀၀ ကျော်ထိရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း အာလူးအရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး မတ် ၂၉**

မန္တလေး ဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း မန္တလေးမြို့ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့်အာလူးများ မန္တလေးဈေးကွက်အတွင်း မတ်လ ဒုတိယပတ်က အရောင်းအဝယ်အနည်းငယ်အေးနေပြီး ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ အာလူးအရောင်းအဝယ်ပြန်ကောင်းလာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

“အခုတစ်လော နောင်ချိုဘက်ကနေထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေးကောင်းမွန်နေတယ်။ အာလူးတွေဈေးကွက်ထဲအဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲကုန်စည်လက်ကျန် နည်းလာပြီး ဈေးကောင်းပြန်ရလာတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မတ်လ ဒုတိယပတ်က ပြည်တွင်းမှထွက်ရှိသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ သာရှိခဲ့သော်လည်း မတ် ၂၈ ရက်က အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀ ထိပေါက်ဈေးရှိခဲ့ပြီး အာလူးများ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းပြန်ရလာခြင်းဖြစ်ကြောင်း သိရသည်။

“နောင်ချို၊ မုံရွာ၊ ဟဲဟိုး စတဲ့ဒေသတွေကထွက်တဲ့ အာလူးတွေထဲမှာ မန္တလေးဈေးကွက်ထဲ အခုတစ်လော နောင်ချိုဘက်ကထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်ပြန်ကောင်းမွန်လာပြီး ဈေးကောင်းလဲ ပြန်ရနေတယ်။ တရုတ်ဘက်ကနေ တင်သွင်းတဲ့ တရုတ်အာလူးတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဒေသအသီးသီးမှ ထွက်ရှိလာသည့် ပြောင်းဖူးများ ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာကုန်စိမ်းဈေးတွင် ဒေသအသီးသီးမှ ထွက်ရှိလာသည့် ပြောင်းဖူးများ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပြောင်းဖူးများသည် ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့်မြေပြန့်ဒေသအသီးသီးမှ ထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ပြောင်းဖူးဈေးနှုန်းများမှာ လက်ရှိတွင် ပိဿာချိန် ၃၀ ဆံ့ အဖူးရေ ၁၀၀ ပါတစ်အိတ်လျှင် အိတ်ပြတ်အနေဖြင့် ငွေကျပ် ၃၂၀၀၀ ဈေးထိရရှိကာ ပြောင်းဖူးများ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

“လက်ရှိမှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းဖူးတွေဈေးကောင်းရရှိနေပါတယ်။ ပြောင်းဖူးက မြေပြန့်ဒေသတွေကပဲ ဝင်ရောက်နေပါတယ်။ အောက်ကျွန်းဒေသတွေကလဲ ထွက်ရှိနေပါတယ်။ တောင်ပေါ်ဒေသတွေကတော့ မထွက်ရှိသေးပါဘူး။ ပြောင်းဖူးကိုအိတ်ပြတ်ဝယ်ယူကြတာ များပါတယ်။ ပြောင်းဖူးတွေကိုတော့ လားရှိုးနဲ့ ရန်ကုန်တို့ကိုလဲ တင်ပို့ရပါတယ်။ အခုအခါမှာ ပြောင်းဖူးစိုက်တဲ့သူတွေလဲ နည်းသွားပါတယ်။ ဈေးကိုပြောင်းဖူးအခြောက်တွေ ဝင်ရောက်နေတာတွေ့ရပါတယ်။ အခုအချိန်မှာတော့ ဒေသအသီးသီးက ထွက်ရှိလာတဲ့ ပြောင်းတွေနေ့စဉ်ဝင်ရောက်နေပြီး ဈေးကောင်းရနေပါတယ်”ဟု မန္တလေးမြို့ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ပြောင်းဖူးများသည် လက်ရှိတွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ၎င်းကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဆည်မြို့နယ် တောင်ပလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှု အဆင့်အတန်းကွာဟမှုလျော့ချနိုင်စေရန် ရည်ရွယ်၍ ကုလားချောင်းကျေးရွာအုပ်စု တောင်ပလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုလျော့ချနိုင်စေရန် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ပြီး အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေ လေလွင့်မှုမရှိစေရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၆၇၉၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက တောင်ပလူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၂၅၁၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄၂ ဦးကို ငွေကျပ် ၂၁၆၄၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၇၉၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# လွိုင်လင်မြို့နယ် လွိုင်မုံမိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လွိုင်လင် မတ် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်မုံမိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် တာဝန်ရှိသူများက လွိုင်မုံမိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေမှုအခြေအနေများ၊ လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်မုံမိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃၅ သိန်း ထုတ်ချေးပေးထားကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးက ပြောပြ၍ သိရသည်။ **ရိုးသန်းညွန့်**

# ငွေဆောင်ကမ်းခြေသို့ တစ်ရက်လျှင် ခရီးသွားဧည့်သည် ဦးရေ ၇၀၀ ကျော် လာရောက်လည်ပတ်



**ပုသိမ် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ နွေရာသီကျောင်းပိတ်ရက်အတွင်း တစ်ရက်လျှင် ခရီးသွားဧည့်သည် ဦးရေ ၇၀၀ ကျော် လာရောက်လည်ပတ်လျက်ရှိကြောင်း ငွေဆောင်ကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ငွေဆောင်မြို့မှ ငွေဆောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်းက တစ်ရက်လျှင် ခရီးသွားဧည့်သည် ဦးရေ ပျမ်းမျှ ၂၀၀ မှ ၃၀၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ပြီး နွေရာသီကျောင်းပိတ်ရက်ကာလ မတ်လ ဒုတိယပတ်မှ ယနေ့ထိ တစ်ရက်လျှင် ခရီးသွားဧည့်သည် ဦးရေ ၇၀၀ ထိလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"ငွေဆောင်ကမ်းခြေကိုလာတဲ့ ဧည့်သည်တွေထဲမှာ ရန်ကုန်နဲ့ နေပြည်တော်ဘက်က လာတာများနေပါတယ်။ ငွေဆောင်ကမ်းခြေကို မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွေပြီးလောက်ကတည်းကနေစတင်ပြီး တစ်ရက်နဲ့တစ်ရက် ခရီးသွားတွေ များလာတာဖြစ်ပါတယ်။ လာမဲ့သင်္ကြန်ကာလအတွင်း ငွေဆောင်းကမ်းခြေကို ခရီးသွားတွေ ပိုများလာလိမ့်မယ်လို့ ယူဆထားပါတယ်။ အခုလို ခရီးသွားတွေများလာတော့ ကမ်းခြေကို အခြေပြုလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေလဲ အဆင်ပြေလာတယ်"ဟု ငွေဆောင်ကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများအဆင်ပြေပြေတည်းခိုနေထိုင်နိုင်ရန် ဟိုတယ် ၃၃ လုံးဖြင့် ဖွင့်လှစ်ဝန်ဆောင်မှုပေးနေကြောင်း၊ အဆိုပါကမ်းခြေကို လာရောက်လည်ပတ်သည့် ခရီးသွားပြည်သူများ တိုးလာခြင်းကြောင့် ခရီးသွားလုပ်ငန်းကို အခြေပြုလုပ်ကိုင်နေသည့် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး ဖွင့်လှစ်ရောင်းချနေသည့်လုပ်ငန်းများ၊ မြင်းစီးအငှားလုပ်ငန်း၊ မော်တော်ဘုတ်အငှားလိုက်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်အငှားလိုက်လုပ်ငန်း၊ သုံးဘီးအငှားလိုက်လုပ်ငန်း၊ မော်တော်ယာဉ် အငှားလိုက်လုပ်ငန်းများ အဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၆၈၇၃ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၆၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၅၃၄၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၆၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က ရွှေဘိုမြို့နယ်မှာ နွေစပါးဧက ငါးသောင်းကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ နွေစပါးဧက ငါးသောင်းကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ စပါး ၆၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီ။ ကျန်တဲ့စပါးတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ ဒီနှစ် နွေစပါး ဧကလျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် ခင်မွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ခင်မွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ခင်မွန်ကျေးရွာ၌ သောက်သုံးရေရရှိရေး လျှပ်စစ်ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ခင်မွန်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ခင်မွန်ကျေးရွာရှိ အိမ်ခြေ ၂၉၄ အိမ်၊ လူ ၁၅၁၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် နွေရာသီကာလ သောက်သုံးရေလုံလောက်စွာရရှိနိုင်ပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုဖြိုး**



# ဖျော်နှစ်ဖျော် စာဆိုနှစ်ဦး

ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာစာပေသမိုင်းတွင် အမည်တူစာဆိုတော်များ ထွက်ပေါ်ခဲ့သည်။ အမည်တူစာဆိုတော်များတွင် လူဦးမင်း၊ ဖိုးသူတော်ဦးမင်း၊ ညောင်ပင်သာဦးပုည၊ စလေဦးပုည စသည့်စာဆိုတော်အမည်တူများကို သိသူများကြသည်။ အချို့စာဆိုတော်အမည်တူများသည် အမည်တူရှိမှန်းပင်မသိဘဲ တိမ်မြုပ်နေသည်များလည်းရှိသည်။ ယခုတင်ပြမည့် ဖျော်နှစ်ဖျော်စာဆိုတော် နှစ်ဦးထဲက တစ်ဦးကိုသာသိသူများထင်ရှားပြီး ကျန်တစ်ဦးမှာ ရှိမှန်းပင်မသိပေ။ ထိုသို့ မထင်ရှားသော စာဆိုတော်ဦးဖျော်တစ်ဦးရေးခဲ့သည့်စာကို ထင်ရှားသည့်စာဆိုတော်ဦးဖျော်ရေးခဲ့သည်ဟု ထင်မှတ်မှားမိကြသူများမှာ ဒုနှင့်ဒေးပင်ဖြစ်သည်။ ဤဆောင်းပါးတွင် သိသူများထင်ရှားသည့် စာဆိုတော်ဦးဖျော်အကြောင်းကိုလည်း ဖော်ပြမည်ဖြစ်သလို သိသူနည်း၍ တိမ်မြုပ်နေသော စာဆိုတော်ဦးဖျော်ကိုလည်း ရှာဖွေဖော်ထုတ်တင်ပြမည်ဖြစ်သည်။ ဤတွင် စာဖတ်သူများကွဲပြားရှင်းလင်းစေရန် အသက်အရွယ်လည်းကြီး၊ ထင်လည်းထင်ရှားသော ဦးဖျော်ကို ပထမဦးဖျော်၊ အသက်လည်းငယ် တိမ်လည်းတိမ်မြုပ်နေသော ဦးဖျော်ကို ဒုတိယဦးဖျော်ဟု ခွဲခြား၍တင်ပြပါမည်။

**ပထမဦးဖျော်**

ပထမဦးဖျော်မှာ အများသိကြသည့် ပလိပ်စားချင်းကို ရေးဖွဲ့ခဲ့သူမင်းရဲရာဇာဘွဲ့ခံ စာဆိုတော်ဦးဖျော်ဖြစ်သည်။ ဦးဖျော်သည် ပလိပ်စားချင်း တစ်စောင်တည်းဖြင့်ပင် မြန်မာစာပေလောက၌ ထင်ရှားသူဖြစ်သည်။ ဦးဖျော်ရေးဖွဲ့ခဲ့သော ပလိပ်စားချင်းကို ပထမတန်းစား ချင်းဖြစ်သည်ဟု ပညာရှင်များက မှတ်ချက်ပြုကြသည်။ ပလိပ်စား ချင်းကိုဖွင့်ဆိုသည့် အဖွင့်ကျမ်းများလည်း များစွာထွက်ပေါ်ခဲ့သလို ပလိပ်စားချင်းကို ကိုးကားသည့်ကျမ်းများစွာလည်း ထွက်ပေါ်ခဲ့သည်။ ဆရာကြီး ဦးဘေရေးသားဖြေဆိုခဲ့သည့် ကဗျတ္တစန္ဒိကာကျမ်း ခေါ် ပလိပ်စားချင်းရွှေနားတော်သွင်းအဖြေမှာ ထင်ရှားလှသည်။ ဒေါက်တာမျိုးချစ်၏ စဉ့်ကူးမင်း ရွှေနားတော်သွင်းချင်းအဖြေမှာလည်း သိသူများသည်။ ကိုးကားသောကျမ်းများတွင် ထင်ရှားသောကျမ်းမှာ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ဆရာတော်သုစာရိန္ဒရေးသားပြုစုခဲ့သည့် ရာဇဝင်ချုပ်ပင်ဖြစ်သည်။ ထိုရာဇဝင်ချုပ်သည် ပလိပ်စားချင်း စာပိုဒ်တိုင်းလိုလိုပင် ကိုးကားရေးသားထားခြင်းဖြစ်သည်။ ပလိပ်စားချင်းသည် ထိုမျှထိပင်သိသူများ ထင်ရှားသည်။

မြန်မာစာပေလောကတွင် ထင်ရှားသည့် ပလိပ်စားချင်းကိုရေးသားခဲ့သည့် ဦးဖျော်ကို သက္ကရာဇ် ၁၁၀၀ ပြည့်နှစ်တွင် ပခန်းကြီးမြို့၌ မွေးဖွားခဲ့သည်။ အဖမှာ ပုဏ္ဏားမျိုးဖြစ်ပြီး အမိမှာ ဗမာဖြစ်သည်။ ငယ်မည်မှာ ဦးဖျော်ဖြစ်သည်။ ပဲခင်းကျော်ဆရာတော်ကြီး၏ တူအရင်းဖြစ်သဖြင့် ငယ်စဉ်က ဆရာတော်ကြီးထံ၌ ပညာသင်ကြားခဲ့သည်။ သင်ရိုးစာပေများကိုသာမက နက္ခတ်၊ ဗေဒင်၊ ရာဇဝင် စသည့်ပညာရပ်များကို တစ်ဖက်ကမ်းခပ်တတ်မြောက်ခဲ့သည်။

အင်းဝမြို့ တကိုယမြို့တည်နန်းတည်ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်တွင် ဆင်ဖြူရှင်မြေဒူးမင်းသားတော် စဉ့်ကူးမင်းသား၏ ဘကြီးတော်အဖြစ် အမှုထမ်းရသည်။ စဉ့်ကူးမင်းသားက ရှင်သံခိုရေးဖွဲ့ခဲ့သော "မင်္ဂလာမဏ္ဍိုင်"အစချီ မင်းရဲဒိဗ္ဗချင်းသည် အလင်္ကာ၊ ဂုဏ်၊ ရသတို့နှင့် ပြည့်စုံကောင်းမွန်သော ချင်းဖြစ်ကြောင်း ချီးမွမ်းပြောဆိုသည်။ ထိုအခါ ဦးဖျော်က ထိုကဲ့သို့ ချင်းမျိုးကို ရေးသားနိုင်ကြောင်း လျှောက်သဖြင့် စဉ့်ကူးမင်းသားက ရေးသားရန်တောင်းပန်သောကြောင့် ဦးဖျော်သည် "မင်္ဂလာချက်ဇွေ"အစချီ စဉ့်ကူးမင်း ရွှေနားတော်သွင်းချင်းကို ရေးဖွဲ့ခဲ့သည်။ စဉ့်ကူးမင်း ရွှေနားတော်သွင်းချင်းကို ရေးသားဆက်သွင်းရာ ဆင်ဖြူရှင်မြေဒူးမင်းက သဘောကျလှသောကြောင့် ဦးဖျော်ကို မင်းရဲရာဇာဘွဲ့ဖြင့် ပလိပ်ရွာကို အပိုင်စားပေးခဲ့သည်။ ထို့ကြောင့် စဉ့်ကူးမင်းရွှေနားတော်သွင်းချင်းအမည်ထက် ပလိပ်စားချင်းဟူသော အမည်က ပို၍ထင်ရှားခဲ့သည်။ နောက်စဉ့်ကူးမင်းသား မင်းဖြစ်သောအခါတွင် ငယ်ဆရာဦးဖျော်ကိုပင် ပလိပ်ရွာကို ဆက်၍စားစေခဲ့သည်။ အမရပူရမြို့တည် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် သီရိပဏ္ဍိတ်ဘွဲ့ဖြင့် ကျောက်ရင်းတောင်သာမြို့ကို စားရသည်။ ဘိုးတော်ဗဒုံမင်းလက်ထက် အမရပူရမြို့သစ်တည်ရန် မှူးမတ်ပညာရှိသုံးဦးနှင့် ပုဏ္ဏားပညာရှိ သုံးဦးကို အမရပူရမြို့နေရာကြည့်စေလွှတ်ရာ မှူးမတ်ပညာရှိသုံးဦးတွင် တစ်ဦးမှာ ဦးဖျော်ဖြစ်သည်။ ဦးဖျော်ကွယ်လွန်ခဲ့သောနှစ်ကို တိတိကျကျ မသိရသေးပေ။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် အသက် ၈၀ ကျော်အရွယ်တွင် ကွယ်လွန်သည်ဟု သိရသည်။ ရေးခဲ့သောစာများမှာ စဉ့်ကူးမင်းသားရွှေနားတော်သွင်းချင်း၊ ဗြို့ဟဒ်လင်္ကာ၊ သက္ကရာဇ်ဖြိုပုံလင်္ကာ၊ လောကနီတိလင်္ကာတို့ဖြစ်သည်။

> ❖ ပထမဦးဖျော်မှာ အများသိကြသည့်ပလိပ်စားချင်းကို ရေးဖွဲ့ခဲ့သူမင်းရဲရာဇာဘွဲ့ခံ စာဆိုတော် ဦးဖျော်ဖြစ်သည်။ ဦးဖျော်သည် ပလိပ်စားချင်း တစ်စောင်တည်းဖြင့်ပင် မြန်မာစာပေလောက၌ ထင်ရှားသူဖြစ်သည်။ ဦးဖျော်ရေးဖွဲ့ခဲ့သော ပလိပ်စားချင်းကို ပထမတန်းစားချင်းဖြစ်သည်ဟု ပညာရှင်များက မှတ်ချက်ပြုကြသည်။ ပလိပ်စားချင်းကိုဖွင့်ဆိုသည့် အဖွင့်ကျမ်းများလည်း များစွာထွက်ပေါ်ခဲ့သလို ပလိပ်စားချင်းကို ကိုးကားသည့်ကျမ်းများစွာလည်း ထွက်ပေါ်ခဲ့သည်။ ဆရာကြီး ဦးဘေရေးသား ဖြေဆိုခဲ့သည့် ကဗျတ္တစန္ဒိကာကျမ်း ခေါ် ပလိပ်စားချင်းရွှေနားတော်သွင်းအဖြေမှာ ထင်ရှားလှသည်။ ❖

**ဒုတိယဦးဖျော်**

ပလိပ်စားချင်းဆရာ ဦးဖျော်ကို သိသူများသောကြောင့် ဦးဖျော်နောက်တစ်ဦးရှိမှန်းပင်မသိကြချေ။ ဒုတိယဦးဖျော်တစ်ဦးရှိမှန်း သတိထားမိလာသည်မှာ ပလိပ်စားချင်းကို တည်းဖြတ်ခဲ့သူ ဆရာကြီးဟံသာဝတီ ဦးဘရင်၏ မှတ်ချက်စကားကြောင့်ဖြစ်သည်။ ဆရာကြီး ဟံသာဝတီဦးဘရင်က "အချို့ကမူ ပုဒ်ရေ ၃၀၉ ရှိ ရာဇဝံသတေးကဗျာကိုလည်း ဦးဖျော်ပင်ရေးသားခဲ့သည်ဟု အဆိုရှိ၏။ သို့သော်လည်း အချို့နေရာများတွင် ပလိပ်စားချင်းပြသက္ကရာဇ်များနှင့် မညီသဖြင့် ၎င်းကို ကျွန်ုပ်တို့ဥပေက္ခာပြုလိုက်ရပေသည်"ဟူ၍ဖြစ်သည်။ အထက်ပါ မှတ်ချက်စကားအရ ဦးဖျော်မှာ နောက်တစ်ဦးရှိကြောင်း သတိထားမိလာသည်။ သို့နှင့် ဦးဖျော်နောက်တစ်ဦးရှိကြောင်း သတိထားမိလာပြီး ဦးဖျော်နောက်တစ်ဦး၏အကြောင်းကို ရှာဖွေမိသည်။ ဦးဖျော်နောက်တစ်ဦးကို ပထမဦးဖျော်နှင့် ရှင်းလင်းကွဲပြားစေရန် ဒုတိယဦးဖျော်ဟု သုံးပါမည်။

ဒုတိယဦးဖျော်ကိုရှာရာတွင် ဒုတိယဦးဖျော်ရေးခဲ့သော ရာဇဝံသတေးကဗျာကို ရှာဖွေကြည့်ရှုရာတွင်လည်း ဒုတိယဦးဖျော်အကြောင်းကိုမသိရပေ။ ရာဇဝံသတေးကဗျာကျမ်းတွင် ဦးဖျော်၏ဘဝအကြောင်းကို ဖော်ပြထားခြင်းမရှိပေ။

မင်းတုန်းမင်းလက်ထက်၌ ပထမဆုံးပုံနှိပ်ခဲ့သော ဒုတိယဦးဖျော်၏ ရာဇဝံသတေးကဗျာတွင် အောက်ပါနိဂုံးတေးထပ်တစ်ပုဒ်ပါရှိသည်။

"အသမ္ဘန်နယ်တေးကို၊ သာငြိမ့်လေးနက်တံ၊
ဂေါသီသစန္ဒနံ့လို့၊ နာခံသူချိုမြတ်။
ရတနာပူရ ရွှေဝပြည်ကို
စတုတ္ထတည်မင်း၏လက်ထက်။
ရာဇဝင်ကျမ်းပြုရာဝယ်၊ မင်းစဉ်နွယ်ဆက်၊
အတင်တင်ရောရှက်လို့၊
သံပိုင်းထွက်ကျောက်စာ၊
ရေးမှတ်ပုံမှုဟောင်းနှင့်၊
ပေါင်းစု၍ ညှိနှိုင်းပြီးခါ။
မင်းလှကျော်ထင် မတ်မဟာငယ်၊
လွှတ်တော်မှရာထူးနှင့်၊
နေဘူးသည့်ခိုက်တွင်၊ ရွေးချယ်၍လျှင်။
ရေးစုသည့်တေးသံချိုလွင်သည်၊
မျိုးလေးအင်မှတ်ဖို့လေး။ ။"

အထက်ပါနိဂုံးတေးထပ်သည် ဒုတိယဦးဖျော်၏ဘဝ တစ်စိတ်တစ်ဒေသကို ဖော်ပြနေသကဲ့သို့ ဒုတိယဦးဖျော်၏ဘဝကို ရှာဖွေရန် လမ်းစတစ်ခုပင်ဖြစ်သည်။ အထက်ပါတေးထပ်အရ ဦးဖျော်သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် မြောက်စားချီးမြှင့်ခံရသော ပညာရှိတစ်ဦးဖြစ်သည်ဟု သိရသည်။ ဘွဲ့မှာ မင်းလှကျော်ထင်ဖြစ်ကြောင်း သိရပြီး လွှတ်တက်အမတ်တစ်ဦးဖြစ်ကြောင်းလည်းသိရသည်။ ထိုကဲ့သို့ လွှတ်တော်တွင် အမှုထမ်းနေစဉ် ရာဇဝံသတေးကဗျာကို ရေးစပ်ခဲ့ခြင်းဖြစ်သည်။

**သမိုင်းကော်မရှင်အဖွဲ့ဝင်**

ဒုတိယဦးဖျော်သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ အဖွဲ့ဖွဲ့၍ ရေးသားခဲ့ရသော မြန်မာ့သမိုင်းအဖွဲ့ဝင် ၁၃ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်းလည်း သိရသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့ဝင် ၁၃ ဦးမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မုံရွေးဆရာတော်
၂။ သော်ကပင်ဆရာတော်
၃။ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ
၄။ မြင်းစုဝန်ကြီးဦးရောက်
၅။ ဖြတိုက်သံတော်ဆင့်ဦးချိန်
၆။ စာရေးတော်ကြီးဦးဖျော်
၇။ ဘိသိက်တော်ဆက် ပုဏ္ဏားတော်ပညာရှိ ရာဇဒေဝ
၈။ ဘိသိက်တော်ဆက် ပုဏ္ဏားတော်ပညာရှိ ကုမုဒြ
၉။ ဖြတိုက်သံတော်ဆင့်ဦးရွှဲ
၁၀။ စာရေးတော်ကြီး ဦးလူကြီး
၁၁။ စာရေးတော်ကြီး ဦးအောင်သာ
၁၂။ အတွင်းဝန် ဆောမြို့စား
၁၃။ အတွင်းဝန် အသည်ဝန်စဉ့်ကူးမြို့စား

တို့ဖြစ်သည်။

ထိုအဖွဲ့ဝင် ၁၃ ဦးတွင် ဦးဖျော်သည် မြင်းစုဝန်ကြီး ဦးရောက်၊ ဖြတိုက်သံတော်ဆင့် ဦးချိန်တို့နှင့် ချင်းဟောင်းများ၊ ရာဇဝင်ဟောင်းများ၊ အရေးတော်ပုံကျမ်းများ၊ ပုဂံရာဇဝင်ဟောင်း၊ ပုဂံရာဇဝင်သစ်များနှင့်ညှိ၍ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုရေးသော မဟာရာဇဝင်သစ်တွင် ပါ၊ မပါ စိစစ်ဖော်ပြရသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီး ရေးသားရာတွင်လည်း ပါဝင်ရသည်။ ဒုတိယဦးဖျော်သည် မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့တွင် အမှတ်စဉ်(၆)နေရာ၌ရှိခဲ့သူဖြစ်သည်။

ဒုတိယဦးဖျော်သည် မှန်နန်းမဟာရာဇဝင်တော်ကြီးရေးသားနေစဉ် ညောင်ရမ်းဆယ်ဆက်အခန်းသို့ရောက်သောအခါ ဘင်္ဂလားသို့သွားရန် အကြောင်းပေါ်လာသည်။ ရန္တပိုစာချုပ်အရ ဘင်္ဂလားသို့သွားရခြင်းဖြစ်သည်။ ဘင်္ဂလားသို့သွားရသောအခါတွင် ဦးဖျော်သည် မင်းလှနန္ဒကျော်ထင်ဘွဲ့ကိုရရှိပြီး လက်ထောက်သံအရာရှိ ရာထူးဖြင့်သွားရသည်။ ဘင်္ဂလားသို့သွားရသူများမှာ-

၁။ ဝန်ထောက်မင်းကြီးမဟာစည်သူ
၂။ စာရေးကြီးမင်းလှနန္ဒကျော်ထင်(ဦးဖျော်)
၃။ အသုံးစာရေးနရာရွှေတောင်
၄။ ကျော်ထင်နော်ရထာနှင့် အမှုထမ်းလူဦးရေ ၅၀ ဖြစ်သည်။

ဒုတိယဦးဖျော်တို့ ဘင်္ဂလားသို့သွားသည့်အကြောင်းကို ဘင်္ဂလားသွားအဖွဲ့ခေါင်းဆောင် မဟာစည်သူက ဘင်္ဂလားသွားစာတမ်းဟူ၍ ရေးသားခဲ့သည်။ ထိုစာတမ်းတွင် ဒုတိယဦးဖျော်တို့အဖွဲ့ အင်းဝနေပြည်တော်မှ ဘင်္ဂလားသို့ထွက်ခွာပုံကို "၁၁၉၂ ခု၊ သတင်းကျွတ်လပြည့်ကျော် ၈ ရက်(၉ အောက်တိုဘာ ၁၈၃၀) နေ့က ရွှေဖဝါးတော်မြတ်အောက် ဆင်ကျုံးထိပ်က ဘင်္ဂလားမြို့သို့ အရေးပိုင်မင်းကြီး မဟာစည်သူ၊ စာရေးကြီးမင်းလှနန္ဒကျော်ထင်၊ ကပ္ပိတံ သီရိရာဇနော်ရထာတို့နှင့် မြန်မာအမှုထမ်း၊ ကုလားစစ်ပါရီအမှုထမ်းလူကြီးလူငယ်တို့ကို အထိုက်အလျောက်အောင်ပန်း၊ ရဲလေ့၊ တုံးလှောင်၊ အသီးသီးသင့်ရာ ရွှေလွှတ်တော်ကပေးအပ်၍ ရေကြောင်းစုံဆင်းထွက်ခွာရာ ၉ စခန်းနှင့် မင်းဘူးရွာထိပ်သို့ရောက်သည်"ဟူ၍ မှတ်တမ်းတင်ထားသည်။

အထက်တွင်ဖော်ပြခဲ့သည့် အထောက်အထားများအရ ဒုတိယဦးဖျော်သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် အထူးထင်ရှားသူ ပညာရှိတစ်ဦးဖြစ်ကြောင်း သိနိုင်သည်။ ဘကြီးတော်လက်ထက်၌-


၁။ မင်းလှကျော်ထင်ဘွဲ့ဖြင့် လွှတ်တက်ရာထူး
၂။ မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့ဝင်
၃။ စာရေးတော်ကြီး
၄။ မင်းလှနန္ဒကျော်ထင်ဘွဲ့ဖြင့် လက်ထောက်သံအရာရှိ

စသည့် ရာထူး၊ ဘွဲ့များကို ရရှိခဲ့သည်။

ဒုတိယဦးဖျော်ပြုစုခဲ့သော စာပေများမှာ ရာဇဝံသတေးကဗျာနှင့် မှန်နန်းမဟာရာဇဝင်တော်ကြီးပင်ဖြစ်သည်။ အခြားပြုစုခဲ့သော စာရင်းကို မတွေ့ရပေ။ ဒုတိယဦးဖျော်မွေးဖွားသောနှစ်ကို တိတိကျကျမသိရသကဲ့သို့ ကွယ်လွန်သောနှစ်ကိုလည်း မသိရပေ။

ဤမျှဆိုလျှင် ဦးဖျော်နှစ်ဦးကို ကွဲကွဲပြားပြားသိမည်ထင်သည်။ ဦးဖျော် နှစ်ဦးကိုကွဲပြားစေရန် ပလိပ်စားချင်းကိုရေးခဲ့သော ဦးဖျော်ကိုပထမဦးဖျော်၊ ရာဇဝံသတေးကဗျာကိုရေးခဲ့သော ဦးဖျော်ကို ဒုတိယဦးဖျော်ဟု ကွဲပြားစွာမှတ်သားနိုင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့မှ အခြားမြို့များသို့ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများ ပိတ်ရက်မရှိ ပြေးဆွဲပေးသွားမည်

**ရန်ကုန် မတ် ၂၉**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့မှ အခြားမြို့များသို့ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများ ပိတ်ရက်မရှိ အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောပြ၍ သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သင်္ကြန်အကျနေ့မှ စတင်ကာ နှစ်ဆန်းတစ်ရက်နေ့ထိ ရန်ကုန်မြို့မှ အခြားမြို့များသို့ ပြေးဆွဲနေသည့် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နား စခန်းတို့ရှိ အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်များအလှည့်ကျစနစ်ဖြင့် ပိတ်ရက်မရှိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှာ အဝေးပြေးယာဉ်လိုင်း ၂၂၄ လိုင်းရှိတဲ့အနက် သင်္ကြန်ပွဲတော် ပိတ်ရက်အတွင်း ဧပြီ ၁၀ ရက်မှာ ယာဉ်လိုင်း ၁၈၃ လိုင်း၊ ဧပြီ ၁၁ ရက်မှာ ယာဉ်လိုင်း ၁၇၂ လိုင်း၊ ဧပြီ ၁၂ ရက်မှာ ယာဉ်လိုင်း ၁၅၂ လိုင်း၊ သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်မှာ ယာဉ်လိုင်း ၅၁ လိုင်း၊ ဧပြီ ၁၄ ရက်မှာ ယာဉ်လိုင်း ငါးလိုင်း၊ ဧပြီ ၁၇ ရက်မှာ ယာဉ်လိုင်း ၂၉ လိုင်း၊ ဧပြီ ၁၈ ရက်မှာ ယာဉ်လိုင်း ၁၁၉ လိုင်း၊ ဧပြီ ၁၉ ရက်မှာ ၁၈၃ လိုင်း ပြေးဆွဲမှာဖြစ်ပြီး တော့ ပိတ်ရက်မရှိပြေးဆွဲမဲ့ယာဉ်လိုင်းကတော့ စုစုပေါင်း ငါးလိုင်းရှိပါတယ်။ ဒါ့ပြင် ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းမှာရှိတဲ့ ယာဉ်လိုင်း ၁၁၀ အနက် ဧပြီ ၁၃ ရက်မှာ ၉၉ လိုင်း၊ ဧပြီ ၁၇ ရက်မှာ ၉၈ လိုင်း၊ ဧပြီ ၁၈ ရက်မှာ ၉၉ လိုင်းပြေးဆွဲပေးမှာဖြစ်ပြီး ပိတ်ရက်မရှိ ပြေးဆွဲမဲ့ယာဉ်လိုင်းကတော့ ခြောက်လိုင်းရှိပါတယ်"ဟု ဦးလျှန်ကျင့်မန်က ပြောပြသည်။ ASH



# ကျိုင်းတုံမြို့နယ် ဝမ်တုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ မတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်တုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဝမ်တုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်တုံကျေးရွာ၌ အရှည်ပေ ၃၅၀၊ အကျယ် ၁၀ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုး ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူများ၏ လုပ်အားများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် မတ်လပထမပတ်မှ စတင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ပြောပြ၍ သိရသည်။

**မောင်စိုင်**

# အလှမ်းမဝေး မန္တလေးဝယ်

\- အသက်ရှည်လို မန်းတောင်ခို၍
ရေညိုရစ်ကာ မြနန္ဒာဟု
ရှေးစာအလှ မှန်ပေစွမို့
ညီမြတ်တို့ရွာ မန္တလာကို
သဟာဆွေများ လာလိုငြား၏။

\- အဆွေလာလျှင် ဦးစွာမြင်မည်
ယခင်ရှေးခါ ပြည်မြန်မာ၏
အာဏာတန်ခိုး ထီးတော်မိုး၍
မင်းစိုးရာဇာ စိုးစံလာသည့်
လွန်စွာလျှမ်းကျော် ရွှေနန်းတော်တည့်။

\- နန်းတော်မှလျှင် အရှေ့ပြင်ဝယ်
အစဉ်ရှုဖတ် ပိဋကတ်ကို
ကျောက်ချပ်ပေစာ ရေးထိုးကာဖြင့်
ကမ္ဘာတစ်လွှား လွန်ကျော်ကြားသည့်
ကြီးမားစာအုပ် အမှန်ဟုတ်လျက်
ထုလုပ်သေချာ ကျွန်းလက်ရာနှင့်
မဟာရွှေကျောင်း ထုထည်ကောင်းသည့်
ရှေးဟောင်းပီတိ တုမရှိကို
အသိမိတ်ဆွေ လာပါလေလော့။

\- နန်းတော်မှလျှင် အနောက်ပြင်ဝယ်
သွင်သွင်စီးဖြာ မြစ်ဧရာနှင့်
ဟိုမှာမင်းကွန်း တောင်ယွန်းယွန်း၌
တောင်ချွန်းဇေယျာ စေတီသာနှင့်
ပြန်လာခဲ့မူ ဈေးချိုသူလျှင်
ဟန်မူပြောကြား ကျွန်တော်များနှင့်
ခင်ဗျားတွေပါ ယောက်ျားလျာဟု
သူငါထင်ငြား မှုမထားဘဲ
သူကား ပီပီ တာတီတီဖြင့်
အကြည်အသာ အိမ်တော်ရာသို့
ခမျာလိုက်ပို့ ချွေးလေးစို့၏။

\- နန်းတော်မှလျှင် တောင်တစ်ခွင်ဝယ်
ကြည်လင်ရှုပ်လွှာ တန်ခိုးဖြာသည့်
မဟာမုနိ စောဘုန်းရှိနှင့်
သီရိမှန်စွာ အာနန္ဒာကို
သေချာဖူးမြော် ထိုမှကျော်၍
အဖော်လိုပြန် တောင်သမန်ကို
သမွန်ငှက်လှေ စီးသွားလေလော့။

\- နန်းတော်မှလျှင် မြောက်တစ်ခွင်ဝယ်
စကျင်တောင်ကုန်း နန်းတောင်ပြုန်းနှင့်
မင်းသုံးထန်းတော လွန်သာမောသည်
ညီချောအလှ သခင်မ၏
မွေးမြသရဖီ ချိန်ခါမီအောင်
ရွှယ်ရည်လှမ်းစို့ ရွှေမန်းမြို့။ ။

**မန္တလာပြေ**

# နိုင်ငံတကာ သတင်းများ

## တိုက်ချင်းပစ်ဒုံးကျည်များပါဝင်သည့် စစ်ရေးလေ့ကျင့်မှုများ ရုရှားစတင်

**မော်စကို မတ် ၂၉**

ရုရှားနိုင်ငံသည် ယားစ်အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်များနှင့် တပ်ဖွဲ့ဝင်ရာပေါင်းများစွာ ပါဝင်သော စစ်ရေးလေ့ကျင့်မှုများကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တပ်ဖွဲ့ဝင် ဦးရေ ၃၀၀၀ ကျော်နှင့် ယားစ်တိုက်ချင်းပစ်ဒုံးကျည်စနစ်များအပါအဝင် လက်နက်ယန္တရားစနစ် ၃၀၀ ကျော် ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွင်း ယားစ်တိုက်ချင်းပစ်ရွေ့လျား ဒုံးကျည်စနစ်များသည် ရုရှားနယ်မြေသုံးခုတို့၌ စစ်ဆင်ရေးလှုပ်ရှားမှုပုံစံအမျိုးမျိုးလေ့ကျင့်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျွမ်းကျင်သူများ၏ အဆိုအရ ယားစ်မဟာဗျူဟာမြောက်တိုက်ချင်းပစ်ဒုံးကျည်များသည် မိုင် ၇၅၀၀ အကွာအဝေးထိ ပျံသန်းနိုင်ပြီး သီးခြားပစ်မှတ်များကို တိုက်ခိုက်နိုင်သော နျူကလီးယားထိပ်ဖူးအများအပြား သယ်ဆောင်နိုင်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယားစ်တိုက်ချင်းပစ်ဒုံးကျည်များကို တိုပိုလ်အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်များနေရာ၌ အစားထိုးရန် ရည်ရွယ်ထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံသည် ၎င်းတစ်နိုင်ငံတည်းသော်လည်းကောင်း၊ အခြားနိုင်ငံများနှင့်ပူးပေါင်း၍ သော်လည်းကောင်း စစ်ရေးလေ့ကျင့်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

KKO

## ရှန်ဟိုင်းမြို့၏ ၂၀၂၂ ခုနှစ် လူဦးရေ ငါးနှစ်အတွင်း ပထမဆုံးအကြိမ်ကျဆင်း



**ရှန်ဟိုင်း မတ် ၂၉**

တရုတ်နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရှန်ဟိုင်းမြို့၏ ၂၀၂၂ ခုနှစ်လူဦးရေသည် ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရေးအတွက် တင်းကျပ်သည့် လူသူလှုပ်ရှားသွားလာမှုစည်းမျဉ်းများကို ကျင့်သုံးခဲ့မှုနှင့်အတူ ရွှေ့ပြောင်းအလုပ်သမားဦးရေ ၂၅၀၀၀၀ ကျော်ထွက်ခွာခဲ့ပြီးနောက် ရှန်ဟိုင်းမြို့၏ ၂၀၂၂ ခုနှစ် လူဦးရေကျဆင်းခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း ရှန်ဟိုင်းမြို့၏ လူဦးရေမှာ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ရပြီး ၂၄ ဒသမ ၇၆ သန်းသာ ရှိခဲ့ကြောင်း တရုတ်အစိုးရ၏ စာရင်းဇယားများအရ သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ရှန်ဟိုင်းမြို့၏ ၂၀၂၁ ခုနှစ် လူဦးရေမှာ ၂၄ ဒသမ ၈၉ သန်းထိရှိခဲ့သည်။

ရှန်ဟိုင်းမြို့ကဲ့သို့ပင် ပေကျင်းမြို့၏ ၂၀၂၂ ခုနှစ် လူဦးရေမှာလည်း ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ရသည်။

တရုတ် တစ်နိုင်ငံလုံးအတိုင်းအတာအရ လူဦးရေစုစုပေါင်းမှာ နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်အတွင်း ကျဆင်းခဲ့ချိန်တွင် ရှန်ဟိုင်းနှင့် ပေကျင်းမြို့တော်များ၏ လူဦးရေများလည်း လိုက်ပါကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ရုရှား၏နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များဖြန့်ကြက်ရေးအစီအစဉ်ကို ဘီလာရုစ်လက်ခံမည်



**မင့်စ် မတ် ၂၉**

ရုရှားနိုင်ငံက ဖြန့်ကြက်မည့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို လက်ခံနေရာပေးမည်ဖြစ်ကြောင်း ဘီလာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၂၈ ရက်တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်ရေးအစီအစဉ်ကို ရုရှားသမ္မတ ပူတင်က ကြေညာခဲ့ပြီးနောက်ပိုင်း ဘီလာရုစ်အစိုးရက ပထမဆုံးအကြိမ်အဖြစ် အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ အတည်ပြုကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘီလာရုစ်နိုင်ငံ ရင်ဆိုင်နေရသော အနောက်အုပ်စုနိုင်ငံများ၏ ဖိအားကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံ၏ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များကို လက်ခံရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဘီလာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်ရန်နှင့် နျူကလီးယားလက်နက်သိုလှောင်ရေးစခန်းတည်ဆောက်ရန် စီစဉ်ထားကြောင်း ရုရှားသမ္မတပူတင်က မတ် ၂၅ရက်တွင် ကြေညာထားသည်။

သို့သော် ယင်းနျူကလီးယားလက်နက်များဖြန့်ကြက်မည့်အချိန်နှင့် ဖြန့်ကြက်မည့်အရေအတွက်တို့ကို သမ္မတပူတင်က ထုတ်ပြောခဲ့ခြင်းမရှိကြောင်း သိရသည်။

ဘီလာရုစ်၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုသည် ရုရှားနိုင်ငံအတွက် ၁၉၉၁ ခုနှစ်နောက်ပိုင်း ရုရှားနိုင်ငံပြင်ပ ပထမဆုံးနျူကလီးယားလက်နက်ဖြန့်ကြက်မှုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

KKO

## ဗြိတိန်ဘုရင် ချားလ်-၃၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ဂျာမနီနိုင်ငံသို့ ထွက်ခွာ



**လန်ဒန် မတ် ၂၉**

ဗြိတိန်ဘုရင် ချားလ်-၃သည် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ယနေ့တွင် ဂျာမနီနိုင်ငံသို့ ထွက်ခွာသွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘုရင်မ အဲလစ်ဇဘတ်-၂ နတ်ရွာစံပြီးနောက် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ဗြိတိန်ထီးနန်းကို ဆက်ခံခဲ့သော ချားလ်ဘုရင်-၃သည် မူလက ထီးနန်းရပြီး ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ပြင်သစ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ခဲ့သည်။

လက်ရှိအချိန်တွင် ပြင်သစ်နိုင်ငံအတွင်းဖြစ်ပွားနေသော ဆန္ဒပြပွဲများကြောင့် မူလအစီအစဉ်ကို ဖျက်၍ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ဂျာမနီနိုင်ငံသို့ ထွက်ခွာသွားခြင်းဖြစ်သည်။

သုံးရက်ကြာ ဂျာမနီခရီးစဉ်အတွင်း ချားလ်ဘုရင်-၃ သည် ဘာလင်မြို့တော်၊ ဟမ်းဘတ်ဆိပ်ကမ်းနှင့် ဘရန်ဒင်ဘာ့ဂ်ပြည်နယ်များသို့ သွားရောက်မည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ချားလ်ဘုရင်-၃ သည် ယနေ့တွင် ဂျာမနီသမ္မတ ဖရင့်ခ်ဝေါလ်တာစတိန်းမေယာနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး မတ် ၃၀ ရက်တွင် ဂျာမနီအောက်လွှတ်တော်၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ချားလ်ဘုရင်-၃၏ တရားဝင်နန်းတက်ပွဲကို ယခုနှစ် မေလအတွင်းကျင်းပရန် ဗြိတိန်နိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

KKO

## အက်စ်စီအို၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးဆုံးဖြတ်ချက် ဆော်ဒီအစိုးရ အတည်ပြု

**ရီယာ့ဒ် မတ် ၂၉**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ရေးဆုံးဖြတ်ချက်ကို ဆော်ဒီအာရေဗျ အစိုးရအဖွဲ့က ယနေ့တွင် အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ ဆွေးနွေးပွဲမိတ်ဖက်နိုင်ငံအဆင့်ဖြင့်ပါဝင်ရေး နားလည်မှုစာချွန်လွှာကို ဆော်ဒီအစိုးရအဖွဲ့က ယနေ့တွင် အတည်ပြုခဲ့ကြောင်း ဆော်ဒီနိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် တရုတ်နှင့်ရုရှားတို့ ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဗဟိုအာရှနိုင်ငံများလည်း ပါဝင်သော ဒေသတွင်းနိုင်ငံရေးနှင့်လုံခြုံရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

နောက်ပိုင်းတွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံ တို့သည်လည်း ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်များဖြစ်လာခဲ့သည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏အဖွဲ့ဝင်ဖြစ်မလာမီ ဆွေးနွေးပွဲမိတ်ဖက်နိုင်ငံအဖြစ် စတင်ပါဝင်ခွင့်ရမည်ဖြစ်သည်။



ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရန် အီရန်နိုင်ငံကလည်း ပြီးခဲ့သည့်နှစ်အတွင်း အဆိုပြုလွှာတင်သွင်းထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ရုရှားနိုင်ငံ၏ ဆိုယုဇ်အာကာသလူသယ်ယာဉ်က ကာဇက်စတန်နိုင်ငံ စတက်မြက်ခင်းဒေသသို့ ပြန်လည်ဆင်းသက်ခဲ့



**နယူးယောက် မတ် ၂၉**

ရုရှားနိုင်ငံ၏ဆိုယုဇ်အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်မှ ခွာထွက်ခဲ့ပြီးနောက် မတ် ၂၈ ရက်က ကာဇက်စတန်နိုင်ငံ စတက်မြက်ခင်းဒေသသို့ ဆင်းသက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၈ ရက်က ရေးသားတင်ပြထားသည်။

ဆိုယုဇ် အာကာသလူသယ်ယာဉ်သည် မတ် ၂၈ ရက်က နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ခဲ့ပြီးနောက် ၅၅ မိနစ်ခန့်အကြာတွင် ကမ္ဘာ့ပတ်လမ်းကြောင်းမှ ထပ်မံခွာထွက်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာကြောင့် မည်သည့်အာကာသယာဉ်မှူးကိုမျှ တင်ဆောင်နိုင်မှုမရှိဘဲ ကမ္ဘာမြေပေါ်သို့ အလွတ်ပြန်ဆင်းလာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဆိုယုဇ်အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားစဉ်ကာလ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။

ရုရှားနိုင်ငံသည် အဆိုပါဆိုယုဇ်အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူး သုံးဦးတို့နှင့်အတူ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အာကာသလူသယ်ယာဉ် ပြန်လည်ဆင်းသက်ခဲ့ပြီးနောက် အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှု ပြဿနာကို စုံစမ်းစစ်ဆေးရန် ရုရှားအာကာသအေဂျင်စီက စီစဉ်ထားသည်။KKO


## အရွယ်အစားအကြီးမားဆုံး မဟာအာကာသတွင်းနက်များအတွင်းပါဝင်သော အာကာသတွင်းနက်တစ်ခုကို ဗြိတိန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် မတ် ၂၉**

လူသားများတွေ့ရှိဖူးသမျှ အရွယ်အစားအကြီးမားဆုံး မဟာအာကာသ တွင်းနက်များအတွင်း ပါဝင်သော အာကာသတွင်းနက်တစ်ခုကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက မတ် ၂၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါအာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေ့ဒြပ်ထုထက် အဆပေါင်း ဘီလီယံ ၃၀ ပိုကြီးမားကြောင်း ဒါဟမ်းတက္ကသိုလ်မှ ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါအာကာသတွင်းနက်၏ အရွယ်အစားသည် နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတားမဟာအာကာသတွင်းနက်ထက် အဆ ၈၀၀၀ ပိုကြီးမားကြောင်း သိရသည်။



ဗြိတိန်သုတေသနပညာရှင်များသည် ဒြပ်ဆွဲအားကြောင့် အလင်းကွေးညွတ်မှုဖြစ်စဉ်တစ်ရပ်ကို လေ့လာပြီးနောက် ၎င်းအာကာသတွင်းနက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိဖူးသမျှ အာကာသတွင်းနက်များအနက် အရွယ်အစားအကြီးမားဆုံးတွင်းနက်အဖြစ် သတ်မှတ်ခံထားရသော တွင်းနက်မှာ TON 618 အမည်ရှိ အာကာသတွင်းနက်ဖြစ်ကြောင်း သိရသည်။

TON 618 အာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေ့ဒြပ်ထုထက် အဆပေါင်း ၆၆ ဘီလီယံ ပိုကြီးမားကြောင်း သိရသည်။KKO

## နေမျက်နှာပြင်ပေါ်၌ ရက်သတ္တပတ်အတွင်း အရွယ်အစားကြီးမားသည့် ဒုတိယမြောက်နေမျက်နှာပြင်တွင်းပေါက်တစ်ခု ထပ်မံပေါ်ထွက်လာ

**ဝါရှင်တန် မတ် ၂၉**

နေမျက်နှာပြင်ပေါ်၌ ရက်သတ္တပတ်အတွင်း အရွယ်အစားကြီးမားသည့် ဒုတိယမြောက် နေမျက်နှာပြင်တွင်းပေါက် (Coronal Hole) တစ်ခု ထပ်မံပေါ်ထွက်လာကြောင်း The Daily Mail သတင်းစာက မတ် ၂၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါနေမျက်ပြင်တွင်းပေါက်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် အဆ ၂၀ ပိုကြီးမားကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါနေမျက်နှာပြင်အတွင်းပေါက်သည် စွမ်းအင်ဆောင်အမှုန်စီးကြောင်းများကို တစ်နာရီလျှင် မိုင်ပေါင်း ၁ ဒသမ ၈ သန်းအမြန်နှုန်းဖြင့် မှုတ်ထုတ်လျက်ရှိရာ ၎င်းအမှုန်စီးကြောင်းများမှာ မတ် ၃၁ ရက်တွင် ကမ္ဘာဂြိုဟ်ကိုရိုက်ခတ်နိုင်ကြောင်း သိရသည်။

နေမျက်နှာပြင်တွင်းပေါက်မှ မှုတ်ထုတ်နေသည့် စွမ်းအင်ဆောင်အမှုန်စီးကြောင်းများကြောင့် ကမ္ဘာမြေ၏ သံလိုက်စက်ကွင်း၊ ဂြိုဟ်တုများနှင့် အခြားနည်းပညာများအပေါ် အကျိုးသက်ရောက်နိုင်မှု ရှိ၊ မရှိကို အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

မြေမျက်နှာပြင်ပေါ်၌ မတ် ၁၃ ရက်တွင် ပေါ်ထွက်ခဲ့သော ပထမဆုံး နေမျက်နှာပြင်တွင်းပေါက်မှာ အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် အဆ ၃၀ ပိုကြီးမားခဲ့ကြောင်း သိရသည်။

နေမျက်နှာပြင်တွင်းပေါက်များသည် တွင်းပေါက်ဟူ၍ အမည်ရထားသော်လည်း စင်စစ်အားဖြင့် နေမျက်နှာပြင်ပတ်ဝန်းကျင်နယ်မြေများထက် ပိုအေးမြသည့် ယာယီပေါ်ထွက်လာသော နယ်မြေများသာဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

# HEALTH

## သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာများသက်တမ်းကို ဆေးနှစ်မျိုးပေါင်းကုထုံးသစ်က ဆွဲဆန့်ပေးနိုင်

**လန်ဒန် မတ် ၂၉**

ဆေးနှစ်မျိုး ပေါင်းစပ်ထားသည့် ကုထုံးသစ်တစ်မျိုးသည် သုက်ရည်ဂလင်းအိတ် ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ဆွဲဆန့်ပေးနိုင်ပြီး သုက်ရည်ဂလင်းအိတ်ကင်ဆာကုထုံးကိုလည်း တစ်ခေတ်ဆန်းစေနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက မတ် ၂၈ ရက်က ရေးသားတင်ပြထားသည်။

သုက်ရည်ဂလင်းအိတ်ကင်ဆာဆဲလ်များ ပျံ့နှံ့လာချိန်တွင် ပုံမှန်သုံးစွဲတတ်သည့်ကုထုံးမှာ တက်စတိုစတာရုန်းဟော်မုန်း ပိတ်ပင်ရေးဆေးများဖြင့် ကင်ဆာဆဲလ်များကို တိုက်ဖျက်သည့်ကုထုံးဖြစ်သည်။

ရောဂါလက္ခဏာပြင်းထန်သော လူနာများတွင်မူ အထက်ပါဟော်မုန်းကုထုံး၏ အာနိသင်မှာ ကျသွားတတ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များသည် သုက်ရည်ဂလင်းအိတ်ကင်ဆာဟော်မုန်းဆေးတစ်မျိုးဖြစ်သည့် Abiratone ကို Olaparib အမည်ရှိ ကင်ဆာဆေးတစ်မျိုးဖြင့်ပေါင်းစပ်၍ လူနာများဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ ရလဒ်ကောင်းများပေါ်ထွက်လာကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Olaparib နှင့် Abratone နှစ်မျိုးပေါင်းကုထုံးသည် လူနာများ၏ အသက်ကို ပျမ်းမျှအားဖြင့် ၇ ဒသမ ၄ လထိ ဆန့်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ ဆေးနှစ်မျိုးပေါင်းကင်ဆာကုထုံးစမ်းသပ်မှုတွင် သုက်ရည်ဂလင်းအိတ်ကင်ဆာအဆင့်-၄ လူနာ ၈၀၀ တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ KKO

## အိပ်စက်မှုပြဿနာကြောင့် MS လူနာများ စဉ်းစားဆင်ခြင်နိုင်စွမ်းကျဆင်းမှု ပိုဆိုးလာနိုင်

**နယူးယောက် မတ် ၂၉**

အိပ်စက်မှုဆိုင်ရာ ပြဿနာကြောင့် ဗဟိုအာရုံကြောဆဲလ်စနစ်ထိခိုက်ပျက်စီးမှုရောဂါ (MS) လူနာများရင်ဆိုင်နေရသော စဉ်းစားဆင်ခြင်နိုင်စွမ်း ကျဆင်းမှုပြဿနာ ပိုဆိုးလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၈ ရက်က ရေးသားတင်ပြထားသည်။

စဉ်းစားဆင်ခြင်နိုင်စွမ်းကျဆင်းမှုပြဿနာသည် MS ရောဂါလူနာများ၌ အတွေ့ရအများဆုံး ရောဂါလက္ခဏာတစ်ရပ် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှုဆိုင်ရာပြဿနာများသည်လည်း MS လူနာများ၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကျဆင်းမှုပြဿနာနှင့် ဆက်စပ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် MS လူနာ ၆၀၀၀ ကျော်တို့ကို စောင့်ကြည့်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှုဆိုင်ရာပြဿနာများသည် MS လူနာများ၏ စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းခြင်းပြဿနာနှင့်ဆက်စပ်နေသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်မှုဆိုင်ရာပြဿနာများမှာ အိပ်စက်စဉ် လေပြွန်ပိတ်ဆို့ခြင်း၊ ဟောက်သံပြုခြင်း၊ အိပ်မရနိုင်ခြင်းနှင့် အိပ်ငိုက်ခြင်းများ အကျုံးဝင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



# ဂန္ထဝင်နည်းပြကြီးများဖြစ်သည့် ဖာဂူဆန်နှင့် အာစင်ဝင်းဂါးတို့ Hall of Fame တွင် ထည့်သွင်းဂုဏ်ပြုခံခဲ့ရ

**လန်ဒန် မတ် ၂၉**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်၏ Hall of Fame တွင် ဂန္ထဝင်နည်းပြနှစ်ဦးဖြစ်သည့် မန်ယူအသင်းနည်းပြဟောင်း ဖာဂူဆန်နှင့် အာဆင်နယ်အသင်း နည်းပြဟောင်း အာစင်ဝင်းဂါးတို့ကို ထည့်သွင်း ဂုဏ်ပြုခံခဲ့ရသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အကောင်းဆုံးစွမ်းဆောင်ပြီး အောင်မြင်မှုများရယူနိုင်ခဲ့ကြသူများကို ဂုဏ်ပြုသည့်အနေဖြင့် Hall of Fameအမည်ဖြင့် ပြတိုက်တစ်ခုဖန်တီးပြီး ၎င်းတို့၏ ပုံများဖြင့် ချိတ်ဆက်ပြီး ဂုဏ်ပြုမှုတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဖာဂူဆန်နှင့် နည်းပြအာစင်ဝင်းဂါးတို့သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အကောင်းဆုံး နည်းပြများအဖြစ် သတ်မှတ် ခံထားရသူများဖြစ်ပြီး ချန်ပီယံဆု အများအပြားဆွတ်ခူးပေးနိုင်သူများဖြစ်ကြသည်။

နည်းပြဖာဂူဆန်သည် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု ၁၃ကြိမ်ထိရယူနိုင်ခဲ့ပြီး တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုလည်း ၁၁ ကြိမ်ထိဆွတ်ခူးနိုင်ခဲ့သကဲ့သို့ နည်းပြအာစင်ဝင်းဂါးသည်လည်း ပရီးမီးယားလိဂ်ချန်ပီယံဆု သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုလည်း သုံးကြိမ်ရယူနိုင်ခဲ့သည့်အတွက် Hall of Fame စာရင်းတွင် ထည့်သွင်းဂုဏ်ပြုခံခဲ့ရခြင်းဖြစ်သည်။

Hall of Fame တွင် အစောပိုင်းက ကစားသမားများသာပါဝင်ခဲ့သော်လည်း ယခုအခါ နည်းပြနှစ်ဦး ပထမဆုံးအကြိမ် ပါဝင်လာခဲ့ကြောင်း သိရသည်။

STA

# ရုရှားနှင့် ဘီလာရုစ်နိုင်ငံမှ ကစားသမားများကို ပြိုင်ပွဲများယှဉ်ပြိုင်ခွင့်ပြုရန် IOC ထောက်ခံ

**ဂျိနီဗာ မတ် ၂၉**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)က ရုရှားနှင့် ဘီလာရုစ်အားကစားသမားများ၏ အရေးနှင့်ပတ်သက်ပြီး ယနေ့တွင် ဆွစ်ဇာလန်နိုင်ငံရှိ ရုံးချုပ်တွင် အစည်းအဝေးပြုလုပ်ခဲ့ပြီး နိုင်ငံတကာအိုလံပစ်အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံထားရသည့် ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့မှကစားသမားများကို ပြန်လည် ယှဉ်ပြိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Euro News သတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် ၂၀၂၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပမည့် 2024 Olympic Games ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပြုမည့်ကိစ္စနှင့်ပတ်သက်ပြီး ဆုံးဖြတ်ရခြင်းမရှိသေးဟု အပြည်ပြည်ဆိုင်ရာ အိုလံပစ် အားကစားကော်မတီက ထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာ ပြေးခုန်ပစ် အားကစားပွဲများတွင် ရုရှားနှင့် ဘီလာရုစ်ကစားသမားများကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သော်လည်း နိုင်ငံမဲ့ ကစားသမားများအနေဖြင့်သာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ် အားကစားကော်မတီက "ရုရှားနဲ့ဘီလာရုစ်နိုင်ငံတွေရဲ့ ပတ်စ်ပို့တွေကိုင်ဆောင်ထားတဲ့ အားကစားသမားတွေအနေနဲ့ နိုင်ငံတကာ ပြေးခုန်ပစ် အားကစားပွဲတွေမှာ ယှဉ်ပြိုင်ခွင့်ပေးသွားမှာပါ။ဒါပေမဲ့ နိုင်ငံမဲ့ကစားသမားတွေအနေနဲ့သာ ခွင့်ပြုသွားမှာပါ။ ရုရှားနဲ့ ဘီလာရုစ် အားကစားသမားတွေ အနေနဲ့ အသင်းလိုက် ပြိုင်ပွဲတွေမှာတော့ ယှဉ်ပြိုင်ဖို့ ခွင့်ပြုမှာမဟုတ်သေးပါဘူး"ဟု ထုတ်ပြန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ် အားကစားကော်မတီ အနေဖြင့် 2024 Olympic Games တွင် ရုရှားနှင့် ဘီလာရုစ်နိုင်ငံမှ ကစားသမားများကို ယှဉ်ပြိုင်ခွင့်ပြုရန် ဆန္ဒရှိနေသော်လည်း နိုင်ငံတချို့မှ အိုလံပစ်အားကစား ကော်မတီများက ကန့်ကွက်နေသည့်အတွက် ဆုံးဖြတ်ချက်မချမှတ်နိုင်သေးခြင်းဖြစ်ကြောင်း သိရသည်။

AZL

# စပါးအသင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းကိုခန့်အပ်ရန်ကြိုးပမ်းနေ

**လန်ဒန် မတ် ၂၉**

စပါးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းကို ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းက နည်းပြ ကွန်တီနှင့် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်မှသာ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ပြီးခဲ့သည့် ဆောက်သမ်တန်အသင်းနှင့် စပါးအသင်းတို့သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် နည်းပြကွန်တီက အသင်းမှ ကစားသမားများ၏ ခြေစွမ်းနှင့်ပတ်သက်ပြီး ဝေဖန်မှုများပြုလုပ်ခဲ့သည့်အပြင် အသင်းမှ တာဝန်ရှိသူများ၏ ကစားသမားခေါ်ယူမှုအပိုင်းကိုလည်း ဝေဖန်မှုများပြုလုပ်ခဲ့သည့်အတွက် နည်းပြကွန်တီကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် လက်ရှိတွင်နည်းပြလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

စပါးအသင်းက လက်ရှိတွင် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိနေပြီး ရီးရဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲခဲ့ပြီးနောက်ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဇီဒန်းကို ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြဇီဒန်းသည် ပြီးခဲ့သည့် ၂၀၂၁ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိအချိန်ထိ မည်သည့်အသင်းကိုမှ တာဝန်ယူကိုင်တွယ်ခြင်းမရှိသေးဘဲ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

နည်းပြ ဇီဒန်းက အစောပိုင်းက ပြင်သစ်အသင်းကို တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကို ငြင်းဆိုထားသော်လည်း ယခုအခါ ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြဒက်ချမ့်ကို တာဝန်ပေးအပ်ခဲ့သည့်အတွက် ကလပ်အသင်းတစ်သင်းကို ပြန်လည်တာဝန်ယူကိုင်တွယ်ရန် စဉ်းစားနေခြင်းဖြစ်သည်။

စပါးအသင်းက အစောပိုင်းက ဘိုင်ယန်မြူးနစ်အသင်း နည်းပြဟောင်း နာဂယ်စမန်းနှင့် စပိန်အသင်းနည်းပြဟောင်း အင်းနရစ်တို့ကို ခန့်အပ်ရန်ပြင်ဆင်ထားသော်လည်း ၎င်းတို့က စပါးအသင်း၏ကမ်းလှမ်းမှုများကို ငြင်းပယ်ထားသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အောင်မြင်မှုများစွာရယူပေးနိုင်ခဲ့သည့် နည်းပြဇီဒန်းကို ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

STA

# လိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဒက်ဗင်ဟန်နေးနှင့် လိုမာချန်ကိုတို့ ထိုးသတ်မည်




**နီဗားဒါး မတ် ၂၉**

WBA (Super)၊ WBC၊IBF၊ WBO လိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် အမေရိကန်လက်ဝှေ့သမား ဒက်ဗင်ဟန်နေးနှင့် ယူကရိန်းလက်ဝှေ့သမား လိုမာချန်ကိုတို့ မေ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒက်ဗင်ဟန်နေးသည် လိုမာချန်ကိုနှင့်ထိုးသတ်ရန် ကာလရှည်ဆွေးနွေးမှုများပြုလုပ်ခဲ့ရပြီးနောက် သဘောတူညီမှုရရှိခဲ့ပြီး ထိုးသတ်သွားရမည့်အချိန်၊နေရာကို ရွေးချယ်ကာ နှစ်ဖက်တာဝန်ရှိသူများက တရားဝင်ထုတ်ပြန်ခဲ့သည်။

ဒက်ဗင်ဟန်နေးသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး လိုမာချန်ကိုနှင့် ထိုးသတ်မည့် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်တွင်လည်း ရှုံးပွဲမရှိစံချိန်ကို ထိန်းသိမ်းနိုင်ရန် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

ဒက်ဗင်ဟန်နေးသည် ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်၌ သြစတြေးလျလက်ဝှေ့သမား ကမ်ဘိုဆော့ကို အနိုင်ထိုးသတ်ကာ WBA (Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်းချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကမ်ဘိုဆော့နှင့်မကျေပွဲစဉ်ထိုးသတ်ခဲ့ရာတွင်လည်း ထပ်မံအနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL

# ၂၀၂၂-၂၀၂၃ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အမေရိကန်၊ ပနားမား၊ ကနေဒါနှင့် မက္ကဆီကိုအသင်းတို့ တက်ရောက်



**ဝါရှင်တန် မတ် ၂၉**

၂၀၂၂-၂၀၂၃ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးများဖြစ်သည့် အမေရိကန်အသင်း၊ ပနားမားအသင်း၊ ကနေဒါအသင်းနှင့် မက္ကဆီကိုအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြသည်ဟု The Sun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂-၂၀၂၃ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲကို သုံးသင်းပါလေးအုပ်စုခွဲပြီး အသင်း ၁၂သင်းဖြင့် ကျင်းပခဲ့ပြီး အုပ်စု(A)မှ မက္ကဆီကိုအသင်း၊ အုပ်စု(B)မှ ပနားမားအသင်း၊ အုပ်စု(C)မှ ကနေဒါအသင်း၊ အုပ်စု(D)မှအမေရိကန်အသင်းတို့ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။


၂၀၂၂-၂၀၂၃ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို အုပ်စုအဆင့်တွင် သတ်မှတ်ခဲ့သည့် ဆီဒင်အဆင့်သတ်မှတ်ချက်ဖြင့် ပွဲစဉ်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး အဆင့်သတ်မှတ်ချက်များအရ လက်ရှိချန်ပီယံ အမေရိကန်အသင်းသည် မက္ကဆီကိုအသင်းနှင့်လည်းကောင်း၊ ပနားမားအသင်းနှင့် ကနေဒါအသင်းတို့လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ကြသည်။

၂၀၂၂-၂၀၂၃ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဇွန် ၁၅ရက်တွင် ကစားသွားမည်ဖြစ်ကာ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်တို့ကို ဇွန် ၁၈ရက်တွင် အမေရိကန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကိုဗစ်-၁၉ အလွန် အိန္ဒိယ၏ စီးပွားရေးအလားအလာ

မောင်သောင်းဝင်း(တမန်ဟောင်း)




၂၀၂၃ ခုနှစ်သည် တောင်အာရှတိုက်ငယ်အတွက် အရေးပါသော အရာများစွာအနက်မှ တစ်ခုအဖြစ် ရပ်တည်လာမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေစစ်တမ်း (WPR) ၏ ခန့်မှန်းတွက်ချက်မှုများအရ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် လူဦးရေ ၁ ဒသမ ၄၁၇ ဘီလီယံရှိလာပြီး လူဦးရေ ၁ ဒသမ ၂၁၂ ဘီလီယံရှိသော တရုတ်နိုင်ငံကို ကျော်တက်ကာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လာပြီဟု ဆိုသည်။ လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်း၏လူသားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချသွားနိုင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းတွင် တိုးတက်ကြီးထွားလာသော ကျားတစ်ကောင် ဖြစ်လာတော့မလားဆိုသောအချက်ကို နိုင်ငံတကာက စောင့်ကြည့်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၆ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးတက်ရန်ခန့်မှန်းထားသောကြောင့် တိုင်းပြည်၏ စွမ်းဆောင်ရည်သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအကျပ်အတည်းကိုကြံ့ကြံ့ခံနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားရှိသည်။ သို့သော် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်းကျင်တို့တွင် ကျရိပ်ပြနေမှုအပေါ် စိုးရိမ်ပူပန်မှုများ၊ ငွေကြေးဖောင်းပွမှုနှင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုဈေးကွက်တွင် ဆုတ်ယုတ်နေမှုများနှင့် ဝယ်လိုအား ကျဆင်းနေမှုများအပေါ် စိုးရိမ်ပူပန်မှုများလည်း ရှိနေသည်။

ထို့ပြင် အိန္ဒိယ၏ ၂၀၂၃ ခုနှစ် ပြည်ထောင်စုဘတ်ဂျက်ရည်မှန်းချက်၌ ငွေကြေးဖောင်းပွမှုနှုန်းကို GDP ၏ ခြောက်ရာခိုင်နှုန်းအောက်လျှော့ချသွားမည်ဖြစ်သည့်အတွက် အခွန်ငွေစုစည်းကောက်ခံခြင်း၊ အသုံးစရိတ်များ စိစစ်လျှော့ချခြင်းနည်းလမ်းများဖြင့် တိုင်းပြည်၏ အသေးစားစီးပွားရေးလုပ်ငန်းများ ပိုမိုတောင့်တင်းအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့စီးပွားရေးအတွက် အတိမ်းအစောင်းမခံသော သင်ခန်းစာသုံးခုကိုပေးခဲ့သည်။ ပထမဆုံးသင်ခန်းစာအနေဖြင့် ကမ္ဘာလုံးဆိုင်ရာအရောင်းတန်ဖိုးကွင်းဆက် (GVC) သည် တရုတ်စီးပွားရေးနှင့် ချိတ်ဆက်နေသည့်အတွက် တရုတ်အပေါ် အလွန်အမင်းမှီခိုအားထားနေရမှုကို လျှော့ချသွားရန် လိုအပ်သည်ဟုဖော်ပြထားသည်။

အမှန်တော့ ကိုဗစ်-၁၉ ရောဂါကြောင့် အရောင်းကွင်းဆက် ကမောက်ကမဖြစ်ခြင်းသည် အငယ်စားစီးပွားရေးလုပ်ငန်းများကို အကျပ်အတည်းပိုမိုဖြစ်စေခဲ့ပြီး ဒေသတွင်း စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ရေး၊ ပြည်တွင်း၌ပင် ရပ်တည်နိုင်ရေးနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများ ကြံ့ကြံ့ခံနိုင်ရေးတို့အတွက် ပံ့ပိုးအားပေးမှုများလုပ်ဆောင်ပေးခဲ့ရသည်။

လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်း ပဋိပက္ခသည် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်နှင့် စားနပ်ရိက္ခာဈေးကွက်များကို အကျပ်အတည်းဖြစ်စေလျက်ရှိရာ ပါကစ္စတန်နှင့်သီရိလင်္ကာတို့ကဲ့သို့ တောင်အာရှရှိဖွံ့ဖြိုးဆဲနိုင်ငံများကို စီးပွားရေးအကျပ်အတည်းများပိုမိုဖြစ်ပေါ်လာစေခဲ့သည်။

အနာဂတ်တွင် ကမ္ဘာလုံးဆိုင်ရာ အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်လာနိုင်သည့် မမျှော်မှန်းနိုင်သောအခြေအနေများကို အန်တုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ တရုတ် +၁ China plus one (C+1) စီးပွားရေးမဟာဗျူဟာတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ ၎င်းမဟာဗျူဟာကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ကိုဗစ်-၁၉ အလွန်ကာလတွင် အရှိန်အဟုန် ရရှိလာခဲ့သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာ၌ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်သော ပြည်ပပို့ကုန်များအပါအဝင် မတူညီသော GVC အစိတ်အပိုင်းများတွင် ပါဝင်ခြင်းအားဖြင့် တရုတ်နေရာတွင် အစားထိုးနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ချဉ်းကပ်ဆောင်ရွက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အရှေ့တွင် အလိုက်အထိုက်လိုက်ပါဆောင်ရွက်နိုင်ပြီး အိန္ဒိယအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရာနေရာလည်း ဖြစ်လာနိုင်ပေသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များ စံချိန်တင်လက်ခံရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၅၇ ဘီလီယံထိရှိခဲ့သည်။ အိန္ဒိယသည် ရင်းနှီးမြှုပ်နှံမှုများပိုမိုဆွဲဆောင်ရန် မူဝါဒများချမှတ်ခြင်းအားဖြင့် တရုတ်နိုင်ငံနှင့်ယှဉ်ပြိုင်ရန် စီးပွားရေးဖွံ့ဖြိုးမှုကို မဟာဗျူဟာမြောက်တိုးတက်အောင် ဖော်ဆောင်လျက်ရှိသည်။ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက အိန္ဒိယနိုင်ငံ၏စီးပွားရေးသည် အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ပြည်ထောင်စုဘတ်ဂျက်၌ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် ယူပီး ၁၀ ထရီလီယံခွဲဝေခွင့်ပြုထားကြောင်း၊ ၎င်းပမာဏသည် တိုင်းပြည် GDP ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ပြောကြားသွားသည်။

ဒုတိယသင်ခန်းစာအနေဖြင့် စီးပွားရေးဆိုင်ရာမိတ်ဖက်များ တိုးတက်လာခြင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများသည် နှစ်နိုင်ငံနှင့်နိုင်ငံပေါင်းစုံ ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာတို့ကြား ဟန်ချက်ထိန်းညှိဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစနစ် ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့၏အင်အားနှင့် အရင်းအမြစ်များကို ပိုမိုတောင့်တင်းခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အိန္ဒိယအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသနှင့် အခြားဒေသများတွင် တရုတ်၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာလွှမ်းမိုးမှုကို ယှဉ်ပြိုင်နိုင်ရန်တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

သာဓကအနေဖြင့် ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးအုပ်စုဖြစ်သည့် အားလုံးအကျုံးဝင်သော စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမပြုရန် အိန္ဒိယ၏ဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်ကာကွယ်ရန်နှင့် ကုန်သွယ်မှုလိုငွေလျှော့ချသွားရန်ဖြစ်သည့်အပြင် ကုန်သွယ်မှုမိတ်ဖက်နယ်ပယ်တွင် တရုတ်နိုင်ငံနှင့် ခပ်ခွာခွာနေထိုင်သွားလိုသောသဘောထားကို ပြသနေခြင်းပင်ဖြစ်သည်။

တတိယသင်ခန်းစာအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါသည် နယ်ပယ်အသီးသီးတွင် နည်းပညာအသုံးပြုမှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် တွန်းအားပေးခဲ့သည်။ နည်းပညာသည် အောက်ခြေအဆင့်၌ လူမှုလုံခြုံရေးပံ့ပိုးပေးခြင်းမှသည် အစိုးရအဆင့်ကွန်ဖရင့်နှင့် မူဝါဒဆိုင်ရာဆွေးနွေးပွဲများပြုလုပ်သည်ထိ အလှမ်းကွာဝေးသောလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်ချိတ်ဆက်မှု အခန်းကဏ္ဍတို့တွင် သိသာသောအခန်းကဏ္ဍမှ တိုးမြှင့်ပါဝင်လာလျက်ရှိသည်။

ဆိုရလျှင် စတုတ္ထစက်မှုတော်လှန်ရေး (4IR)၊ ဉာဏ်ရည်တုနည်းပညာ (AI)၊ အချက်အလက်လွှဲပြောင်းခြင်း၊ အချက်အလက်လုံခြုံမှုနှင့် DNA တည်းဖြတ်ခြင်းတို့သည် နိုင်ငံများ၏ပြည်တွင်းရေးနှင့် နိုင်ငံတကာရေးရာမူဝါဒများကို အပြောင်းအလဲဖြစ်ပေါ်စေလျက်ရှိသည်။ အိန္ဒိယသည် လူငယ်များကို ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်အောင်လုပ်ဆောင်ပေးလျက်ရှိသည်။ အသက် ၃၀ နှစ်အောက် အိန္ဒိယလူဦးရေ ၅၂ ရာခိုင်နှုန်းခန့်သည် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်ပြီး ၄၃ ရာခိုင်နှုန်းခန့်သည်အင်တာနက်ဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့အကြီးမားဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့်အပြင် နည်းပညာလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အိန္ဒိယနိုင်ငံသည် ချမ်းသာသူနှင့်ဆင်းရဲသူများကြား ကွာခြားချက်များလျှော့ချခြင်းအားဖြင့် စီးပွားရေးမညီမျှမှုများလျှော့ချရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ကျွမ်းကျင်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ခြင်းသည် ပြည်တွင်းလုပ်သားဈေးကွက်တွင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် လူနေမှုအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းနှင့် အိန္ဒိယလူငယ်များကို ကမ္ဘာ့အလုပ်သမားဈေးကွက်၌ အံဝင်ခွင်ကျ ရပ်တည်လာစေနိုင်မည်ဖြစ်သည်။

အိန္ဒိယလူငယ်များကို 4.0 စက်မှုနယ်ပယ်၊ စက်ရုပ်နည်းပညာ၊ AI ၊ 3D ပုံနှိပ်ထုတ်ဝေခြင်းနှင့် အင်ဂျင်နီယာနယ်ပယ်တို့တွင် ကျွမ်းကျင်မှုရှိစေရန် ၂၀၂၃ ခုနှစ် ဘတ်ဂျက်၌ အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအစီအစဉ်အရ အိန္ဒိယတွင် အလုပ်အကိုင်ပြဿနာများကို ဖြေရှင်းနိုင်ရန် မျှော်မှန်းထားရှိသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယ၌ အလုပ်လက်မဲ့နှုန်း ၁၆ ရာခိုင်နှုန်းရှိခဲ့သောကြောင့် ၁၆ လအတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့သည်။ ထို့ပြင် လူငယ်များ၏ ဝင်ငွေတိုးတက်ရေး မျှော်မှန်းထားရှိသောကြောင့် စားသုံးမှုနှင့် ငွေကြေးစုဆောင်းမှုတို့ တိုးတက်လာကာ အိန္ဒိယ၏ စီးပွားရေးကို အမေရိကန်ဒေါ်လာ ၅ ထရီလီယံ မှ ၁၀ ထရီလီယံထိ တိုးတက်လာရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

စင်စစ်အားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုတ်ယုတ်လာပြီး တောင်အာရှနိုင်ငံများကို စီးပွားရေးအကျပ်အတည်းများ ရိုက်ခတ်လာစေလျက်ရှိသည့်အပြင် ယူကရိန်း-ရုရှား အရေးကြောင့်လည်း လောင်စာနှင့် စားနပ်ရိက္ခာဈေးကွက်များမှာလည်း ခေါင်ခိုက်လာလျက်ရှိသည်။

လက်ရှိအချိန်တွင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံကို G-20 ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပြီးဖြစ်သောကြောင့် အိန္ဒိယအနေဖြင့် စီးပွားရေးဆိုင်ရာ ကမောက်ကမဖြစ်နေသော ကမ္ဘာကြီးကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ကြဉ်းသွားရန် တာဝန်ရှိလာပြီဖြစ်သည်။ ကမ္ဘာ့ GDP ၏ ၉၀ ရာခိုင်နှုန်းခန့် ပါဝင်နေသော G-20 အဖွဲ့ကိုဦးဆောင်သည့်နိုင်ငံသည် အဆိုပါရာထူးအတွက် စိန်ခေါ်မှုများရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အိန္ဒိယသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများအတွက် အရေးပါသော နိုင်ငံအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏အသံကို ကမ္ဘာ့စင်မြင့်သို့ သယ်ဆောင်ပေးသွားရန် လိုအပ်သည်။

အမှန်တော့ အိန္ဒိယနိုင်ငံတွင် ဆင်းရဲမွဲတေမှုများ၊ လူမှုအသိုက်အဝန်းများကြား တင်းမာမှုများ၊ ပညာသင်ယူခွင့်နှင့် အခွင့်အရေးများလက်လွတ်ဆုံးရှုံးရမှုများရှိနေသည့်တိုင်အောင် တိုးတက်ပြောင်းလဲမှုများ၊ တွေးခေါ်ဆန်းသစ်မှုများနှင့် မတူကွဲပြားမှုများလည်း ပြည့်နှက်လျက်ရှိသည်။ တိုင်းပြည်လူဦးရေ သုံးပုံ နှစ်ပုံခန့်သည် အလုပ်လုပ်နိုင်သော အသက်အရွယ်တွင်ရှိသဖြင့် အိန္ဒိယအနေဖြင့် အဆိုပါအခွင့်အလမ်းကို လက်လွှတ်မခံဘဲ အမိအရဆုပ်ကိုင်သွားသင့်သည်။

အိန္ဒိယတွင် အလုပ်လက်မဲ့နှုန်းများ ရှိနေသေးသည့်တိုင်အောင် ဆဲလ်ဖုန်းနှင့် လျှပ်ကူးပစ္စည်းကဲ့သို့သော အရေးပါသောစက်မှုလုပ်ငန်းများ အပါအဝင် ကုန်ထုတ်လုပ်ငန်းများစွာရှိနေသည့်အတွက် ဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာ့တတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယသည် အခြားနိုင်ငံများ၏ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်ထက် အဓိကစီးပွားရေးအင်အားကြီးနိုင်ငံနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ပလေယာအဖြစ် ကိုယ်ပိုင်ရပ်တည်လာလျက်ရှိသည်။

အိန္ဒိယသည် အနောက်နိုင်ငံများက ကျောထောက်နောက်ခံပေးထားသည့် လွတ်လပ်သော ကုန်သွယ်မှုပုံစံမျိုးထက် ပြည်တွင်းကုန်ထုတ်လုပ်မှုကို တွန်းအားပေးသော အရှေ့အာရှစီးပွားရေးပုံစံကို အကောင်အထည်ဖော်လျက်ရှိသည်။ အိန္ဒိယသည် ကိုယ်ပိုင်ရပ်တည်ချက်ဖြင့် အမြဲတစေဆောင်ရွက်လျက်ရှိရာ လာမည့်ဆယ်စုနှစ်အတွင်း ပိုမိုသိသာထင်ရှားလာမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးနှင့် စစ်ရေးအင်အားကြီးနိုင်ငံများနှင့်အပြိုင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်လာသော အိန္ဒိယသည် ကမ္ဘာ့စင်မြင့်တွင် ၎င်း၏အကျိုးစီးပွားများ၊ တန်ဖိုးထားမှုများနှင့် ရည်မှန်းချက်များအတွက် ပိုမိုတွန်းအားပေး ဆောင်ရွက်လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Economic lessons for India from the pandemic by Asia Times.**

# ကျောက်တော်မြို့နယ်တွင် ဗီးချောင်းသင်္ကြန်ပွဲတော် ကျင်းပသွားမည်



၂၀၂၂ ခုနှစ်က ဗီးချောင်းသင်္ကြန်ပွဲတော်

**ကျောက်တော် မတ် ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ဗီးချောင်းသင်္ကြန်ပွဲတော်ကို ဧပြီ ၁၄ ရက်မှ ၁၆ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဗီးချောင်းသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် ဦးသာဦးမောင်က ပြောပြ၍ သိရသည်။

ဗီးချောင်းသင်္ကြန်ပွဲတော်တွင် ရေလောင်းရေပက်မဏ္ဍပ်များ၊ ဖျော်ဖြေရေးစင်မြင့်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်တွင် ရခိုင်တိုင်းရင်းသားအဆိုတော်များ အဓိကပါဝင်ကာ ရခိုင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"အစီအစဉ်တွေကတော့ ရေလောင်းမဏ္ဍပ်ပါမယ်။ နောက်ပြီးတော့ စတိတ်ရှိုးပါမယ်၊ ရခိုင်အဆိုတော်တွေနဲ့ပါ။ ဒီနှစ်မှာတော့ ကားပါကင်ကို ပွဲလုပ်မဲ့နေရာနဲ့ အနီးမှာလုပ်ထားတယ်။ ဒါကြောင့် လာမဲ့သူတွေအနေနဲ့ သက်သောင့်သက်သာနဲ့ လာလို့ရတယ်။ မနှစ်ကလောက် မစည်ရင်တောင် မနှစ်ကလောက် ဖြစ်လာမယ်လို့တော့ မျှော်မှန်းထားပါတယ်"ဟု ဦးသာဦးမောင်က ပြောပြသည်။

ယခုနှစ် ဗီးချောင်းသင်္ကြန်ပွဲတော်တွင် အလျား ပေ ၂၀၀ ရှိသည့် ရေလောင်းမဏ္ဍပ်ကိုလည်း ထည့်သွင်းစီစဉ်ထားကြောင်း၊ ပွဲလာရောက်ရမည့်လက်မှတ်ကို ယခုတစ်ပတ်အတွင်း ရောင်းချနိုင်ရန် စီစဉ်နေပြီး လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၀၀၀ နှင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ဗီးချောင်းသင်္ကြန်ပွဲတော်တွင် ရခိုင်အဆိုတော်များဖြင့် သီဆိုဖျော်ဖြေမှုများနှင့် ရေလောင်းမဏ္ဍပ်အစီအစဉ်များလည်းပါဝင်ပြီး သွားရောက်ဆင်နွှဲခဲ့သည့် ဒေသခံပေါင်း ထောင်နှင့်ချီရှိခဲ့ကြောင်း သိရသည်။ ASH

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ လောကနတ်ပန်းပုရုပ်များ ဝင်ရောက်လာပြီး ဝယ်ယူသူများပြားနေ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ လောကနတ်ပန်းပုရုပ်များ ဝင်ရောက်လာပြီး ဝယ်ယူသူများပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော်အနီး သုခမြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဦးခင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ လောကနတ်ပန်းပုရုပ်များမှာ ပဲခူးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးနှုန်းချိုသာခြင်းနှင့် လက်ရာသေသပ်လှပခြင်းတို့ကြောင့် နှစ်သက်ဝယ်ယူသူ များပြားနေကြောင်း သိရသည်။



"ဒီမတ်လထဲမှာ လူတော်တော်များများ အဝယ်များတာကတော့ လောကနတ်ပန်းပုရုပ်တွေဖြစ်ပါတယ်။ ဒီမတ်လစတဲ့ပတ်လောက်ကမှ ပဲခူးမြို့နယ် မဇင်းရပ်ကွက်ကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလဲ ပန်းပုရုပ်တစ်ခုကို ငွေကျပ် ၅၀၀၀၀ လောက်ပဲရှိတဲ့အတွက် အဝယ်များပါတယ်။ ဈေးကွက်ထဲမှာက လောကနတ်ပန်းပုရုပ်က ဈေးကွက်ရှိတဲ့ပန်းပုရုပ်ဖြစ်ပါတယ်။ နေအိမ်တွေမှာ၊ ရုံးခန်းတွေမှာ အလှထားဖို့ဝယ်ယူကြတာ များကြပါတယ်" ဟု ဦးခင်ဝင်းက ပြောပြသည်။

အဆိုပါ အမြင့် ခုနစ်လက်မ အရွယ်အစားရှိ လောကနတ်ပန်းပုရုပ်များမှာ တစ်ခုလျှင် ငွေကျပ် ၅၀၀၀၀ ဖြစ်ပြီး ယခုလအတွင်း ပန်းပုရုပ် ၃၀ ခန့် ရောင်းချထားကြောင်း သိရသည်။ ASH

# တာမွေမြို့နယ်၌ နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီသင်တန်းအခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး (တာမွေမြို့နယ်)မှ ဗဟိုအလုပ်အမှုဆောင် ပန်းချီ ဆန်းသစ်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီသင်တန်းကို တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀ ကို လက်ခံပြီး တာမွေမြို့နယ်ရှိ ကျားကူးမှော်ရုံကြီးတွင် ဧပြီ ၁ ရက်မှစတင်ကာ ဧပြီ ၇ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တာမွေမြို့နယ်အတွင်းက အခြေခံပညာမူလတန်းကျောင်းမှာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက စိတ်ပါဝင်စားသူတွေကို အခမဲ့သင်တန်းပေးမှာဖြစ်ပါတယ်။ သင်တန်းမှာ လိုအပ်တဲ့သင်ထောက်ကူပစ္စည်းတွေကို အခမဲ့ပံ့ပိုးမှာပါ။ လာရောက်ပို့ချပေးမဲ့ ဆရာ၊ ဆရာမတွေကတော့ မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး(ဗဟို)က ဖြစ်ပါတယ်"ဟု ပန်းချီ ဆန်းသစ်ဦးက ပြောပြသည်။

အဆိုပါသင်တန်းတွင် ပန်းချီရေးဆွဲနည်းများ၊ မျဉ်းအကြောင်း၊ ဆေးတိုး၊ ဆေးခွဲနည်း၊ (မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်)၊ ခန္ဓာကိုယ်ရေးဆွဲနည်း၊ သစ်ပင်ပန်းမာလာရေးဆွဲနည်း၊ အနီး၊ အဝေးနည်းပညာ၊ အရာဝတ္ထုရေးဆွဲနည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်

နွေရာသီအားလပ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာရေးခြင်း၊ စာဖတ်ခြင်းများနှင့် စာကျက်ခြင်းများအပြင် မိမိတို့ဝါသနာပါသည့် အသိပညာ၊ အတတ်ပညာများဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ အခြေခံပန်းချီသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# Y2K ဟာသဇာတ်ကား၌ မင်းသမီး ရာချယ်ဇီဂလာ ပါဝင်မည်

**နယူးယောက် မတ် ၂၉**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Y2K အမည်ရှိ ကပ်ဘေးနောက်ခံဟာသဇာတ်ကား၌ မင်းသမီး ရာချယ်ဇီဂလာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Y2K ဇာတ်ကားတွင် မင်းသမီး ရာချယ်ဇီဂလာသည် မင်းသားဂျေဒန်မာတယ်၊ မင်းသမီး ဂျူလီယန်ဒန်နစ်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Y2K ဇာတ်ကားသည် ၁၉၉၉ ခုနှစ် နှစ်သစ်ကူးည ပါတီပွဲတစ်ခုတွင် ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်များကို ဇာတ်လမ်းဆင်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Y2K ဇာတ်ကားကို ဒါရိုက်တာ ကိုင်လီမွန်နေးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အီဗင်ဝင်တားက ရေးသားပေးထားသည်။

လက်ရှိတွင် Y2K ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# Guardians of the Galaxy Vol-3 ဇာတ်ကား၏ ပြသချိန် ၂ နာရီ မိနစ် ၃၀ ရှိလိမ့်မည်ဖြစ်

**နယူးယောက် မတ် ၂၉**

Guardians of the Galaxy Vol-3 ဇာတ်ကား၏ ပြသချိန်မှာ စုစုပေါင်း ၂ နာရီ မိနစ် ၃၀ ထိ ရှိလိမ့်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Guardians of the Galaxy Vol-3 ဇာတ်ကား ပြသချိန်ကို ဒါရိုက်တာ ဂျိန်းဂန်းက တွစ်တာစာမျက်နှာ၌ အတည်ပြုထားခြင်းဖြစ်သည်။

ဒါရိုက်တာ ဂျိန်းဂန်း၏အဆိုအရ Guardians of the Galaxy Vol-3 ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ ၂ နာရီနှင့် မိနစ် ၃၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Guardians of the Galaxy Vol-3 ဇာတ်ကား၌ မင်းသား ခရစ်ပရက်၊ ဗင်ဒီဆယ်၊ ဒေ့ဘာတစ္စတာ၊ ဘက်ဒ်လေကူးပါးနှင့် မင်းသမီး ဇိုးဆဲဒါနာတို့ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားသည် Guardians of the Galaxy Vol-3 ဇာတ်ကားများအနက် တတိယမြောက်ဇာတ်ကားဖြစ်သည်။

Guardians of the Galaxy Vol-3 ဇာတ်ကားကို ယခုနှစ် မေ ၅ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။ KKO



# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses Illegal Trade Eradication Steering Committee meeting 2/2023



Vice-Senior General Soe Win addresses the Illegal Trade Eradication Steering Committee meeting 2/2023.

Nay Pyi Taw March 29

The Illegal Trade Eradication Steering Committee held the meeting 2/2023 at the Ministry of Commerce here this afternoon, addressed by the committee chairman Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Union ministers General Mya Tun Oo, U Win Shein and U Aung Naing Oo, deputy ministers, Nay Pyi Taw Council member, the Revenue Appellate Tribunal chair, permanent secretaries, directors general and officials. Chairs of region/state illegal trade eradication special teams took part in the meeting through video conferencing.

The Vice-Senior General said SAC and cabinet were reformed on 1 February 2023, and five-point Roadmap and Objectives were amended. The government is restoring national peace and stability, enforcing rule of law, developing people's socio-economy, and bringing about human resources. Likewise it established the Illegal Trade Eradication Steering Committee under Notification (43/2023) of SAC on 17 February 2023.

**Illegal trade** is the main obstacle in realizing the point, **"To encourage micro, small and medium-scale enterprises based on domestic raw materials in order to substitute import goods and enhance export products to have long-term guarantees and create employment opportunities and increase domestic production"** of the SAC's four economic objectives. Illegal goods that are coming into the country from abroad diminish a competitive market and hampers MSME development. Moreover, untaxed illegal goods lessen the competitive power of import-substitute goods manufactured by MSMEs. MSMEs will never be on the rise in the absence of preventive measures, checks and legal actions against untaxed imports. MSME development mainly depends on thorough search of illegal goods and severe punishments.

The number of arrested cases in February 2023 was 477 and the estimated value of seized illegal goods was over Ks 12 billion, which was 51 cases and Ks 4.63 billion more than in January. When compared with the same period last year, the authorities could seize 230 more cases with an estimated value of Ks 8.86 billion. Thanks to the effective actions special teams of regions and states, the Customs Department and departmental OSSs had exerted in accord with the projects the number of seized cases increased.

Increase in the number of seized cases also indicates the volume of illegal trade that is still large. Hence effective anti-illegal trade activities should be carried out with added momentum through coordinated efforts.

Illegal traders are taking loopholes and weaknesses of trade policies, orders, directives and procedures, the impossibility to inspect every cargo truck and security limits as opportunities in importing and exporting illegal goods through various means.

In the past, the inspection task was mainly based on staff strength. More staff members were used at the centres where trade volume was large. Hence, the extent of anti-illegal trade activities depended on the size of the centre. Customs Department's MACCS system, Trade Department's Myanmar Tradenet 2.0 and QR Code system has facilitated the trade flow and added effectiveness to anti-illegal trade activities. There must be a proper balance between the systems and staff in the inspection work to ensure effectiveness in the anti-illegal trade campaigns. Hence, modern techniques as well as conventional methods will be applied in the anti-illegal trade programs.

It is necessary to use containers for transport of commodities in order to reduce illegal trade while soonest implementing the e-lock system. Moreover, meeting participants need to discuss setting limited time for distribution of illegally imported goods to the market through wholesale and retail centres and shopping malls with public awareness, prevention, inspection and taking legal action.

The steering committee reviewed the cases on seizures within more than one year from January 2022 to date, mentioning that most of the cases were based on overloads of same goods and some were based on mixed trafficking of high valued goods with low valued ones. Hence, duty-assigned staff members need to eradicate and inspect the illegal trade measures based on their experiences and rationality.

Some businesspersons who do not follow the policies and procedures adopted by the government and wish to do their businesses in the illegal ways attempted to pass the checkpoints in illegal ways by approaching the ethnic armed organizations. Hence, those staff need to inform nearby region and state governments as well as relevant military commands about their difficulties in time for taking action against the offenders under the laws and procedures.

It is necessary to connect relevant departments and organizations to take action against those who carried illegal commodities which escaped for various reasons.

The Vice-Senior General stressed the need for both governments to coordinate illegal trade which cross the border not to enter other country as well as mother land. It is necessary to make preparations to effectively cooperate with neighbouring countries. Illegal trade is a problem not only for Myanmar but for all countries. Hence, staff need to seek the best ways of other countries in eradicating the illegal trade and apply the appropriate ways for the State.

The staff assigned to eradicate illegal trade must be free from corruption. In the past, action was taken against the illegal goods. Now, trace to past events such as the route of these commodities, checkpoints and ways of passing these points are being investigated. Hence, those involved in the illegal trade in various ways will face legal action. Likewise, they all need to have security awareness and conscience and make preparations for security measures.

The Vice-Senior General stressed the need to take care of exaggeration of amounts in evaluating the seized commodities and assess the value of illegal commodities in a correct manner. Procurement must be done for seized commodities under the procedures and pay income to the state fund. If the seized commodities are damaged before action, efforts of those who seized these goods will be wasted and State finance will be lost. Hence, the departments taking responsibilities for seized commodities need to systematically supervise these measures.

The eradicating the illegal trade is crucial in implementing the five-point roadmap and objectives of the State Administration Council. The Vice-Senior General stressed the need to expedite efforts for eradicating, inspecting and taking action against the illegal trade cases. It is necessary to seek the ways for eradicating, inspecting and taking action against more illegal trade measures. The Vice-Senior General unveiled that businesspersons will be restricted to use box trucks and containers in trading, applying modern technology, negotiating neighbouring countries and checking illegally imported commodities in the market through wholesale and retail centres so as to reduce illegal trade in the long term. Officials of ministries, organizations, region and state illegal trade eradication task forces, relevant departments and UMFCCI are to report information about illegal trade eradication to the steering committee.

Secretary of the steering committee Deputy Minister U Nyunt Aung reported on accomplishment over the minutes of the meeting 1/2023 and undertakings of the steering committee. Department officials read the letters to the meeting 2/2023.

Leader of the office staff of the steering committee Deputy Director General U Aung Thwin Oo, Director General U Han Win Aung of Central Statistical Organization, Director General U Thein Swe of Customs Department, Director General U Myint Thura of Trade Department and Deputy Director General U Win Lwin, Director General Dr Khin Zaw of Department of Food and Drug Administration and the chairman of Bago Region Illegal Trade Eradication Special Task Force reported on the draft decisions of the meeting 2/2023.

Union Minister General Mya Tun Oo, U Win Shein and U Aung Naing Oo, Deputy Minister Maj-Gen Aung Lin Tun and officials discussed eradication of illegal trade.

The leader of the office staff of the steering committee reported on the draft decisions of the meeting 2/2023.

After coordinating the reports and discussions, the Vice-Senior General gave a concluding remark. 100

# Myanmar and China's Chongqing plans to boost cooperation on manufacturing EVs, mechanized agricultural equipment and health care


Photo shows imported electric cars.

**Nay Pyi Taw March 29**

Myanmar and China's Chongqing are planning to boost cooperation in sectors on manufacturing electric vehicle and mechanized agricultural equipment, and health care, according to Daw Khine Khine Nwe, general secretary of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI).

As Chinese businessmen have discussed cooperation on four business sectors, including the operation of an airline between Chongqing area and Myanmar, and these sectors are the sectors that are needed in Myanmar and Myanmar wants them to invest heavily in these sectors.

"According to the discussions, businessmen in the Chongqing area of China need to invest, especially in new energy vehicles. Also, they want to cooperate in the operation of an airline between Chongqing area and Myanmar and tourism sector. We have to cooperate more in four sectors: production and exporting of electric vehicles, and mechanized farm equipment, and health care sector," said Daw Khaing Khaing Nwe. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 80% of production, service and trade targets of cooperative syndicates met till February this fiscal

**Nay Pyi Taw March 29**

Production, service and trade targets set by cooperative syndicates had been realized by over 80% till February in the current 2022-2023 fiscal year, according to the Ministry of Cooperatives and Rural Development.

The Cooperatives Department under the ministry is forming more and more cooperative syndicates by mobilizing those who really wish to do business with a view to improving socio-economy of the people and severing their socio-economic interests.

Till February 2023, 38,809 cooperative syndicates were established across Myanmar—32,052 production syndicates, 3,633 service syndicates and 3,124 trade syndicates.

For the current fiscal that will end by March, it has been targeted to earn K758.155 billion from those business activities. As such, K611.863 billion was earned till February this year. That means 80.7% of the targets had been met till February.

The Cooperatives Department is striving for socio-economic development of the State by improving the businesses of the cooperative syndicates. 336


A weaving business owned by a cooperative syndicate.

# Netanyahu rejects Biden's call to drop Israel judicial overhaul

**Washington March 29**

Israeli Prime Minister Benjamin Netanyahu has reacted angrily to comments by the US president, who urged him to walk away from his controversial judicial reform plans.

"They cannot continue down this road," Joe Biden told reporters.

Mr Netanyahu later tweeted that Israel would make its own decisions, "not based on pressures from abroad".

It comes after protests this week brought Israel to a standstill, forcing him to pause the proposals.

The protests have intensified since Mr Netanyahu returned to power at the end of last year, leading the most right-wing, nationalist government in Israel's history and promising to curb the powers of the judiciary.

His plans would give the government full control over the committee which appoints judges and would ultimately strip the Supreme Court of crucial powers to strike down legislation that it saw as effectively unconstitutional.

Mr Netanyahu says they would stop the courts overreaching their powers and that they were voted for by the public at the last election. But most legal scholars say they would effectively destroy the independence of the judiciary, while opposition figures describe them as an attempted "regime coup". BBC


Benjamin Netanyahu (R) said on Monday that he would "pause" the legislation to prevent a "rupture".

# Businesspersons from Bishan of Chongqing Region keen to invest in Myanmar

**Yangon March 29**

Businesspersons from Bishan City of Chonqing District of China are keen to invest in Myanmar, according to the UMFCCI on 23 March 2023.

A 12-member delegation led by Mr Zhang Chuan from Bishan region of Chongqing District called on the president of UMFCCI to promote economic cooperation between the two countries on 21 March.

UMFCCI has signed the MoU with Chinese organizations to increase investment volume in Myanmar.

Moreover, UMFCCI holds economic and trade cooperation forum with Yunnan Provincial General Chamber of Commerce on a yearly basis.

At the meeting with Bishan delegation, UMFCCI President U Aye Win urged the guests to prioritize investment in transport, electric power and energy and construction sectors and to import technology and raw materials for MSME businesses.

Mr Zhang Chuan expressed their vows to invest in EV, agricultural machinery, electric power and energy, health and medicines (especially Chinese traditional medicines and cancer medicines), urban projects and tourism sector. Moreover, Bishan wishes to operate direct flights between Yangon and Chongqing.

At the meeting, businesspersons from both sides held discussions on business opportunities.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက Reverse Engineer ဖြင့် Reaper Drone ပုံစံတူတီထွင်ရန်စီစဉ်



ရုရှားသည် မတ် ၁၄ ရက်က Su-27 တိုက်လေယာဉ်များနှင့် အမေရိကန်MQ-9 Reaper ဒရုန်းတိုက်မိခဲ့သဖြင့် ပင်လယ်နက်ပေါ်တွင်ပျက်ကျခဲ့သည့် အဆိုပါဒရုန်းကို Reverse Engineer ဖြင့် ပုံစံတူဒရုန်း တီထွင်ထုတ်လုပ်ရန် အစီအစဉ်ရေးဆွဲနေကြောင်း မတ် ၂၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

MQ-9 Reaper ဒရုန်း၏အပျက်အစီးများသည် နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းအတွက် စိတ်ဝင်စားဖွယ်ဖြစ်ကြောင်း၊ ရုရှားစစ်သင်္ဘောများရှာဖွေတွေ့ရှိခဲ့သည့်စနစ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အသေးစိတ်တစ်စချင်းဖြုတ်ကာ စေ့စေ့စပ်စပ်စစ်ဆေးမှုများပြုလုပ်သွားရလိမ့်မည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် နိုင်ငံရပ်ခြားကာကွယ်ရေးစက်မှုလုပ်ငန်းများ၊ အထူးသဖြင့် ခေတ်မီဆန်းပြားသောကာကွယ်ရေးစနစ်များထုတ်လုပ်ရာတွင် အောင်မြင်မှုများရရှိထားကြောင်း ရုရှားနိုင်ငံပိုင် Rostec ကော်ပိုရေးရှင်းမှ သိရသည်။

"အောင်မြင်တဲ့ထုတ်ကုန်တစ်ခုဖန်တီးဖို့ဆိုရင် ထုတ်ကုန်ရဲ့ပြိုင်ဆိုင်မှုက ဘာလဲဆိုတာနားလည်ဖို့လိုတယ်။ ဒရုန်းတွေ၊ အမြောက်တွေ၊ သံချပ်ကာယာဉ်တွေ၊ တခြားလက်နက်အမျိုးအစားတွေ ဒီအတိုင်းဖြစ်ပါတယ်"ဟု Rostec ကော်ပိုရေးရှင်းမှ သိရသည်။

ယူကရိန်းစစ်ဘက် ကျွမ်းကျင်ပညာရှင် OleksandrKarpyuk က ရန်သူ၏ ပိုင်ဆိုင်မှုများကို တိုက်ခိုက်ရန်အတွက် ရုရှားနိုင်ငံမှ MQ-9 Reaper ဒရုန်းကဲ့သို့ တီထွင်လာနိုင်မည်ဟု ထင်ကြေးပေးမှုများကို ဆိုရှယ်မီဒီယာတွင် တုံ့ပြန်ရေးသားဖော်ပြခဲ့သည်။

ရုရှားသည် အလားတူတိုက်ခိုက်ရေးဒရုန်းတစ်မျိုးကိုတီထွင်လိုလျှင် ၎င်းသည် အလွန်ခေတ်မီဆန်းပြားသော စက်မှုလုပ်ငန်းတစ်ခုနှင့် နည်းပညာကိုလက်လှမ်းမီရမည်ဟု Karpyuk က ပြောကြားသည်။

General Atomics ၏ Reaper ဒရုန်းသည် အမေရိကန်နိုင်ငံ ပြင်ပဒေသများကို တစ်ကမ္ဘာလုံးတွင် အသုံးပြုခွင့်ပေးနိုင်ရန် ဂြိုဟ်တုချိတ်ဆက်မှုကို အသုံးပြုထားသည်။

ရုရှားနှင့် အီရန်တို့သည် ပုံစံတူဖန်တီးလိုပါက MQ-9 Reaper ဒရုန်းအသုံးပြုနေသည့် ဂြိုဟ်တုနှင့်ဆင်တူသော ဂြိုဟ်တုဆက်သွယ်ရေးကို ဦးစွာတီထွင်ထုတ်လုပ်ရမည်ဖြစ်သည်ဟု Karpyuk က ဆိုသည်။

"ဒါကြောင့် ရုရှားနဲ့ အီရန်တို့ဟာ ဒီအချိန်မှာ နိုင်ငံခြားထုတ်ဒရုန်းတွေဆီကနေ ကူးယူတီထွင်ဖို့ ဘယ်လိုဆုံးဖြတ်နေကြသလဲဆိုတာကို လေ့လာကြည့်တဲ့အခါ သူတို့ရလိုက်တဲ့ အဓိကအရာက ဒီဇိုင်းရေးဆွဲထုတ်လုပ်သူရဲ့ပုံစံနဲ့ အတွင်းပိုင်းအပြင်အဆင်ကိုပဲ သိခွင့်ရမှာဖြစ်ပါတယ်။ သူတို့က MQ-9 Reaper ပုံစံတူအနေနဲ့ပဲ ကူးယူနိုင်မှာပါ"ဟု Karpyuk က ရေးသားခဲ့သည်။

Reaper သည် ပေ ၄၀၀၀ မှ ၅၀၀၀ နက်သော ရေပြင်ဧရိယာတွင် နစ်မြုပ်သွားဖွယ်ရှိသောကြောင့် ပြန်လည်ဆယ်တင်ရန် ကြိုးပမ်းမည်ဆိုပါက ခက်ခဲမည်ဟု အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌဖြစ်သူ Mark Milley က ပြောကြားသည်။

**Russia Plans to Reverse-Engineer US Reaper Drone It Forced Down ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြည်တွင်းထုတ် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို အမေရိကန်ဒေါ်လာ ၃၆၄ သန်းဖြင့် အိန္ဒိယကြည်းတပ်ဝယ်ယူ

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် အိန္ဒိယကြည်းတပ်အတွက် ပေါင်းစည်းအီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် Electronic Warfare Systems (EWS) နစ်စုံဝယ်ယူရန် ပြည်တွင်းကုမ္ပဏီဖြစ်သော BEL နှင့် အမေရိကန်ဒေါ်လာ ၃၆၄ သန်းတန် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့သည်။

ကာကွယ်ရေးအီလက်ထရွန်နစ်စစ်ဆင်ရေးဆိုင်ရာသုတေသနဓာတ်ခွဲခန်းမှ ဒီဇိုင်းကို အခြေခံ၍ BEL သည် တောင်တန်းဒေသများအတွက် Himshakti EWS စနစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။

အဆိုပါစနစ်သည် မိုဘိုင်းဖုန်းများ၊ ကြိုးမဲ့ဖုန်းများ၊ ဂြိုဟ်တုဖုန်းများနှင့် ရေဒီယိုအသံဖမ်းစက်များမှ ထုတ်လွှတ်သော လျှပ်စစ်သံလိုက်လှိုင်းကြိမ်နှုန်းများကို ပိတ်ဆို့ဖျက်ဆီးနိုင်ပြီး ဧရိယာအားဖြင့် ၁၀၀၀၀ စတုရန်းကီလိုမီတာ (၃၈၆၁ စတုရန်းမိုင်) ထက် ကျော်လွန်လုပ်ဆောင်နိုင်ကြောင်း သိရသည်။

ယာဉ်တင်ဘီးတပ်စနစ်ဖြစ်ကာ ယန္တရားတင် တပ်မဟာလက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအတွက် စံပြုအီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်မျိုးဖြစ်ပြီး ၎င်းတို့ကို အီလက်ထရွန်နစ်တိုက်ခိုက်မှုမှ ကာကွယ်ပေးနိုင်စွမ်းရှိသည်ဟု Defence Update က ရေးသားဖော်ပြထားသည်။

အဆိုပါစနစ်ကို Signal အချက်ပြလှိုင်းများထောက်လှမ်းခြင်း၊ ရှာဖွေခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်း၊ လားရာညွှန်းရပ်ရှာဖွေခြင်း၊ တည်နေရာဖော်ထုတ်ခြင်း၊ စာရင်းပြုစုခြင်း၊ ဦးစားပေးခြိမ်းခြောက်မှုများ စိစစ်ခွဲခြားဖော်ထုတ်နိုင်ခြင်းနှင့် နှောင့်ယှက်လှိုင်းတန်ပြန်ထုတ်လွှတ်ဖျက်ခြင်း စသည့်ဆက်သွယ်ရေးနှင့် ရေဒါအချက်ပြလှိုင်းထုတ်လွှတ်မှုများ၏ မြင့်မားသောကြိမ်နှုန်းမျိုးမှသည် မီလီမီတာလှိုင်းအမျိုးအစားထိ (HF (High Frequency)-MMW (Millimeter Wave) အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုများအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"စစ်မြေပြင်မှာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင် အီလက်ထရွန်နစ်နဲ့ လုပ်ဆောင်နေတဲ့ စနစ်ပိုင်ဆိုင်မှုတွေကိုလဲ ကာကွယ်ပေးမှာပါ။ ဒီလိုစနစ်မျိုး ထပ်ပေါင်းထည့်တာက ရန်သူကိုစွမ်းအားမဲ့စေပြီး တိုက်ခိုက်ဖို့ သူတို့ရဲ့ဆန္ဒကို နောက်ဆုတ်သွားစေပါလိမ့်မယ်"ဟု သတင်းရင်းမြစ်တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါစာချုပ်ကို ပြည်တွင်းမှ ဒီဇိုင်းရေးဆွဲ၍ တီထွင်ထုတ်လုပ်ထားသော အမျိုးအစားများအောက်တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နှစ်နှစ်အတွင်း ခန့်မှန်းခြေအားဖြင့် စက်မှုလုပ်ငန်းစုအနေဖြင့် လုပ်သားအင်အား သုံးသိန်းဖြင့် ထုတ်လုပ်နိုင်စွမ်းရှိမည်ဟု မျှော်မှန်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



**India Procures Indigenous Electronic Warfare Systems for $364M ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီထုတ် Kamikaze ဒရုန်းသစ်က အီရန်ထုတ် Shahed-136 နှင့် ပုံတူဖြစ်သည်ဟု စစ်ရေးလေ့လာသုံးသပ်သူများပြော



တူရကီ၏ အသစ်ထုတ်ဖော်ပြသထားသော Kamikaze ဒရုန်းသစ်သည် အီရန်ထုတ် Shahed-136 တိုက်ခိုက်ရေးဒရုန်းများ၏ ပုံတူဖြစ်သည်ဟု စစ်ရေးလေ့လာသုံးသပ်သူများက ပြောကြားထားကြောင်း မတ် ၂၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

တောင်ပံတပ် Azab ဒရုန်း၏ဓာတ်ပုံများထွက်ပေါ်လာချိန်တွင် လေ့လာသူများက အီရန်ထုတ်ဒရုန်းနှင့် ဆင်တူကြောင်း မှတ်ချက်ပြုခဲ့သည်။

၎င်းတို့၏ပုံသဏ္ဌာန်နှင့် အရွယ်အစားသည် ယူကရိန်းတွင် ထွက်ပေါ်ထားသည့် Shahed-136 ဓာတ်ပုံများနှင့် တထေရာတည်းဖြစ်သည်ဟု နိုင်ငံတကာစစ်မှုရေးရာ အကဲဖြတ်သူများက ထုတ်ဖော်ရေးသားထားကြသည်။

ပုံပန်းသဏ္ဌာန်ချင်းတူညီသော်လည်း အဆိုပါမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်း နှစ်ခုစင်းတွင် မတူညီသော ဝိသေသလက္ခဏာများရှိကာ Shahed-136 သည် ပိုမိုလေးလံပြီး အားကောင်းသည့်ထိပ်ဖူးကို တပ်ဆင်အသုံးပြုထားသည်။

အီရန်ထုတ်မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းသည် အများဆုံးအကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ တိုက်ပွဲဝင်နိုင်ပြီး တူရကီထုတ် တိုက်ခိုက်ရေးဒရုန်းသစ်သည် ကီလိုမီတာ ၅၀၀ သာ ရောက်ရှိနိုင်သည်။

Azab တိုက်ခိုက်ရေးဒရုန်းထုတ်လုပ်သူ Robit Technology ၏ အဆိုအရ မောင်းသူမဲ့ဒရုန်းတွင် မတူညီသောထိပ်ဖူးအမျိုးအစားများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်ပြီး တောင်ပံအလျား နှစ်မီတာနှင့် ၁ ဒသမ ၅ မီတာရှိ တားရှင်းနှစ်မျိုးဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

ဤနေရာတွင် Shahed-131 and Shahed-136 ဒရုန်းများ၏ တောင်ပံအလျားမှာ ၂ ဒသမ ၂ မီတာနှင့် ၂ ဒသမ ၅ မီတာအသီးသီးရှိပြီး တူရကီထုတ်ဒရုန်းများထက် တောင်ပံအလျားနှင့် အရွယ်အစား ပိုမိုကြီးမားသည်ကို တွေ့နိုင်သည်။

Azab တိုက်ခိုက်ရေးဒရုန်းများသည် ပစ်မှတ်များကိုရောက်ရှိဖျက်ဆီးရန် GPS ကိုသြဒိနိတ်များကိုအသုံးပြု၍ သို့မဟုတ် စွမ်းဆောင်ရည်မြင့်ကင်မရာများကို အသုံးပြု၍ ရန်သူပိုင်ဆိုင်မှုများဆီသို့ ဒရုန်းများကို ညွှန်ပြကာ တပ်ဖွဲ့ဝင်များဖြင့် ထိန်းကျောင်းလုပ်ဆောင်နိုင်ပါမည်။

အဆိုပါ Kamikaze မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းသည် စမ်းသပ်ပျံသန်းမှုအောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်ရာ ယခုနှစ်နှောင်းပိုင်းတွင်တပ်ဆင်အသုံးပြုမည့် လက်နက်ခဲယမ်းများဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

**New Turkish Kamikaze Drone 'Replica' of Iranian Shahed-136: Analysts ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လားရှိုးခရိုင်ရှိ မြို့နယ်များတွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၄၄ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**လားရှိုး မတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ မြို့နယ်များတွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လားရှိုးခရိုင်အတွင်းရှိ လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့တွင် ယခုနှစ် နွေစပါး စိုက်ပျိုးရာသီ၌ နွေစပါးလျာထား ၁၀၄၇ ဧကကို ဇန်နဝါရီလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နွေစပါးကို သတ်မှတ်ကာလအတွင်းမှာ အချိန်မီ စိုက်ပျိုးပြီးစီးစေဖို့အတွက် လိုအပ်တဲ့ လယ်ယာသုံး စိုက်ပျိုးကိရိယာတွေ၊ မျိုးစေ့တွေ၊ စိုက်ပျိုးရေတွေ ရရှိစေဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်း ကောင်းမွန်စေဖို့အတွက် စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ နွေစပါး စံပြစိုက်ကွက်တွေကိုလဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာတွေကို အချိန်မီရရှိစေဖို့အတွက်လဲ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ရာသီအလိုက် ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ် ကာကွယ်ရေးနည်းလမ်းတွေကိုလဲ စိုက်ကွင်းထဲအရောက် လိုက်လံပညာပေးဆောင်ရွက်နေပါတယ်"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင်အတွင်း မြို့နယ်အလိုက် နွေစပါးလျာထားဧကအနေဖြင့် လားရှိုးမြို့နယ်တွင် ၁၈ ဧက၊ သိန္နီမြို့နယ်တွင် ၁၀၄၁ ဧက၊ မိုင်းရယ်မြို့နယ်တွင် ၈၈ ဧကဖြစ်ပြီး နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ လားရှိုးမြို့နယ်တွင် နှစ်ဧက၊ သိန္နီမြို့နယ်တွင် ၉၂၅ ဧက၊ မိုင်းရယ်မြို့နယ်တွင် ၁၁၇ ဧက စုစုပေါင်း ၁၀၄၄ ဧကဖြစ်ကြောင်း၊ နွေစပါးများကို လျာထားချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဉီး(မောရှမ်းမြေ)**

# ကော့ကရိတ်မြို့နယ် ကော့စူး-ကြာအင်းစုကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကော့ကရိတ် မတ် ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကော့စူး-ကြာအင်းစုကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုးနှင့် ခရိုင်အင်ဂျင်နီယာများ၊ မြို့နယ်တာဝန်ရှိသူများက ကော့စူး-ကြာအင်းစုကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



ကော့စူး-ကြာအင်းစုကျေးရွာ၌ အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် သမုဒယကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်တံတားတည်ဆောက် ပေးနိုင်မှုကြောင့် ကျေးရွာ၏ လယ်ယာထုတ်ကုန်ဧက ၉၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ခိုး**

# အင်္ဂပူမြို့နယ် နောကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**အင်္ဂပူ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နောကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၉ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းအငှမအကြိမ်အဖြစ် နောကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၃၃ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၅ ဒသမ ၆၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၇၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွှင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၉-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၈၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၀၀၀၀ |
| **(ရွှေထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဆားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို သုံးနှစ်စာပေးအပ်သွားမည်ဖြစ်ရာ ဆုပေးပွဲကို ခမ်းခမ်းနားနား အဆင့်မြင့်စွာဖြင့် နိုင်ငံတော်အဆင့် စီမံဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၂၉**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် Nebula X Entertainment Co.,Ltd က နည်းပညာမြင့် 3D Projection Mapping ဖြင့် အကယ်ဒမီပေးပွဲစင်မြင့်တည်ဆောက်ခြင်း၊ Lighting နှင့် Sound System၊ Stage Design ရေးဆွဲထားမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းနှင့် အကယ်ဒမီများရှင် ရန်အောင်၊ ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် Nebula X Entertainment Co.,Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို သုံးနှစ်စာ ပေးအပ်သွားမည်ဖြစ်ရာ ဆုပေးပွဲကို ခမ်းခမ်းနားနား အဆင့်မြင့်စွာဖြင့် နိုင်ငံတော်အဆင့် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခင်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားများကို မြန်မာ့ရုပ်ရှင် အစည်းအရုံးက ဦးဆောင်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်ငန်းရှင်များအပါအဝင် အနုပညာလောကသားများ အခက်အခဲရှိနေသည့်အတွက် နိုင်ငံတော်ကမတည်၍ ရွှေစင်ရုပ်တုအားလုံးနှင့် ကုန်ကျစရိတ်များကို ထုတ်နုတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် အနုပညာကိုချစ်မြတ်နိုး၍ ပူးပေါင်းဆောင်ရွက်လိုသူများရှိပါကလည်း မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် သမားရိုးကျပုံစံမျိုးထက် ခေတ်နှင့်လျော်ညီသည့်နည်းပညာပိုင်းများ၊ Lighting များ၊ Program များဖြင့် စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Nebula X Entertainment Co., Ltd မှ တာဝန်ရှိသူများက ယခုနှစ်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ခမ်းနားလှပစေရန်အတွက် Design Concept များ ဆောင်ရွက်ထားရှိမှု၊ 3D Projection Mapping စနစ်အသုံးပြုမည့် အစီအစဉ်နှင့် အကယ်ဒမီပေးပွဲစင်မြင့်တည်ဆောက်ထားမှု၊ Stage Design ရေးဆွဲထားမှု၊ ကော်ဇောနီလမ်းကြောင်းအတွက် စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာ စင်ရော်မောင်မောင်တို့က အကယ်ဒမီရွှေကြိုးများ စိစစ်ရွေးချယ်ထားရှိမှု၊ ရုပ်ရှင်ထူးချွန်ဆု စာရင်းဝင် ရုပ်ရှင်ဇာတ်ကားများကို ပရိသတ်များ စိတ်ဝင်စားမှုရှိစေရန် performance များဖြင့် တင်ဆက်ရန် စီစဉ်ထားမှု၊ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့်တွဲဖက်ပြီး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရန် Rooftop Solar Panel တပ်ဆင်ခြင်းနှင့်ပတ်သက်၍ စက်မှုလုပ်ငန်းရှင်များကို ရှင်းလင်းဆွေးနွေးပွဲကျင်းပ



**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံးဆိုလာစနစ်ဖြင့် တွဲဖက်ပြီး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရန် Rooftop Solar Panel တပ်ဆင်ခြင်းနှင့်ပတ်သက်၍ စက်မှုလုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ Venus Essential Mandalay Co.,Ltd၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မန္တလေးစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ Venus Essential Myanmar Co.,Ltd မှ Operation Director ဦးသုတဇော်က ရန်အောင်မြင်၊ ချောင်းမကြီး၊ ပေါင်းလောင် Solar Power Project ဆောင်ရွက်နေမှုများ၊ နေရောင်ခြည်သုံးဆိုလာစနစ်တွဲဖက်၍ တပ်ဆင်အသုံးပြုခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ စသည့်လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍လည်းကောင်း၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးမြင့်သူက နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုင်းမှ တိုင်းဒေသကြီးအတွက် လျှပ်စစ်ဓာတ်အားခွဲဝေရရှိမှု၊ ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့ကိုလည်းကောင်း၊ စက်မှုလုပ်ငန်းရှင်များက လျှပ်စစ်ရရှိမှုနှင့်ပတ်သက်၍ ကြုံတွေ့နေရသည့် အခြေအနေများ၊ နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် တပ်ဆင်အသုံးပြုသွားနိုင်ရေး အကြံပြုချက်များကို လည်းကောင်း ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များကို ထပ်ဆင့်ချပြရှင်းလင်းခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသတစ်ခု ထွက်ကုန်တစ်မျိုး ထုတ်လုပ်ရန်နှင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင်ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မတ် ၂၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၇၈ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၃၃ ဦး |

**နေပြည်တော် မတ် ၂၉**

မတ် ၂၈ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၅၀၂ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၅)ရပ်ကွက် အောင်သုခလမ်း တိုက်(၁၀၀/၁၀၁) အခန်း(၁၀၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)၏ အလံပုံစံ**



**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မရမ်းကုန်းရပ်ကွက် ရွှေဒါးကုန်းလမ်း အမှတ်(၂၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်ပြည်သူ့ပါတီ(KPP)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်ပြည်သူ့ပါတီ (KPP)၏ အလံပုံစံ**



**ကရင်ပြည်သူ့ပါတီ (KPP)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် (၁၀၁)လမ်း ပထမထပ် အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)၏ အလံပုံစံ**



**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ် ကျောက်တော်မြို့ အထကကျောင်းရှေ့ ပြည်တော်သာရပ်ကွက် စာတိုက်လမ်း အမှတ်(၂၀၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)၏ အလံပုံစံ**



**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် မော်ကန်(၁)လမ်း လန်းဆန်းအိမ်ရာ အမှတ်(A/၄၀၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ အလံပုံစံ**




**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် မဟော်ဂနီလမ်း အမှတ်(၂/၂/၂၃၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ အလံပုံစံ**



**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေများပေးအပ်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေရပ်ပြန် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများကို မော်တော်ယာဉ်ပေါ်သို့ ကူညီပို့ဆောင်ပေးစဉ်။

**နေပြည်တော် မတ် ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်မိသားစုများသည် ၎င်းတို့၏သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ လတ်တလောစားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကျောက်တော်မြို့ ကစ္ဆပနဒီခန်းမ၌ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန်အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေးအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၆၄၄ စုအတွက် ငွေကျပ် သိန်း ၃၂၂၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၄၄ သိန်းနှင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ၆၄၄ ပုံးကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေတစ်လစာအတွက် လူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် လူဦးရေ ၂၇၀၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၃၅၄၀၀၀ ကိုလည်းကောင်း စခန်းတာဝန်ခံများထံ အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များနှင့် စက်လှေများဖြင့် ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏နေရပ်ကျေးရွာများအရောက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ကေဗွီ ၂၃၀ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် နှစ်တိုင်ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု အခြေအနေများအား သတင်းထုတ်ပြန်

**၂၀၂၃ ခုနှစ် မတ်လ ၂၉ ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာ ခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၂၇-၃-၂၀၂၃ ရက်တွင် မော်လမြိုင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှထွက်ရှိသည့် ဓာတ်အား မဂ္ဂါဝပ် ၈၀ ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားချိတ်ဆက် ဖြန့်ဖြူးပေးလျက်ရှိသည့် ကေဗွီ ၂၃၀ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း၏ သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ ဒုံသမိချောင်းအနီးရှိ တာဝါတိုင် နှစ်တိုင်ကို မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် တစ်တိုင်မှာ ပြိုလဲခဲ့ပြီး တာဝါတိုင် တစ်တိုင်မှာ အောက်ခြေခြေထောက် တစ်ချောင်း ပျက်စီးခဲ့ပါသည်။ အဆိုပါ တာဝါတိုင်များ ပြိုလဲပျက်စီးခဲ့မှုကြောင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် ဓာတ်အား မဂ္ဂါဝပ် ၈၀ လျော့နည်းခဲ့ရပါသည်။




ကေဗွီ ၂၃၀ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် တစ်တိုင် မိုင်းခွဲဖျက်ဆီးခံရ၍ ပြိုလဲပျက်စီးနေပုံ။



ကေဗွီ ၂၃၀ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် တစ်တိုင် မိုင်းခွဲဖျက်ဆီးခံရ၍ ခြေထောက်တစ်ချောင်း ပျက်စီးနေပုံ။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း ၂၂၇ ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ညောင်ကိုင်းကြီးကျေးရွာနေ ကျော်သောင်းသည် ၎င်းအသုံးပြုသည့် "KO KYAW THAUNG" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် နေထိုင်ကြသူများဖြစ်သည့် ဇော်ဝင်းသန်း(ခ)ဇော်ဝင်းထွန်းနှင့် မျိုးမြင့်သိန်း(ခ)မင်းမင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Zaw Win Than" Facebook အကောင့်နှင့် "Min Min" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေး” ဆိုင်ရှေ့၌ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများကို ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေး” ဆိုင်ရှေ့၌ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိ**



ဓားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၂၉**

မတ် ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက် အကွက်အမှတ်(၅၇၅) ၈၅(A) လမ်း၊ ၃၁-၃၂ လမ်းကြားရှိ “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေး” ဆိုင်ရှေ့၌ ရွှေဆိုင်ဝန်ထမ်းနှစ်ဦးက ငွေကျပ်သိန်း ၁၅၀၀ ကို စိန်သရဖူ ရွှေသန့်စင်လုပ်ငန်းသို့ပို့ဆောင်ရန် Hijet ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ် စိစစ်ဆဲ အမျိုးသား သုံးဦးသည် မော်တော်ယာဉ် တစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုသေနတ်ဖြင့် နှစ်ချက် မိုးပေါ်ပစ်ဖောက်ကာ ငွေကျပ်သိန်း ၁၂၀၀ ကို ဓားပြတိုက် လုယက်ယူဆောင်သွားခဲ့သည်။

သို့ဖြစ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့က ဖြစ်စဉ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိုင်အတွင်း တပ်ဆင်ထားသည့် CCTV မှတ်တမ်းများအရ စိစစ်ဆဲ အမျိုးသား သုံးဦးသည် ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ငွေကြေးများကို ယာဉ်အမှတ် YGN-5D/2975 Nissan March(အနက်ရောင်)ယာဉ်ဖြင့် သယ်ဆောင်ထွက်ခွာသွားကြောင်း သိရသည်။ ဓားပြတိုက်လုယက်သူများ စီးနင်းလိုက်ပါသွားသည့်ယာဉ်ကို စုံစမ်းစစ်ဆေးရှာဖွေခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် ၅၁ လမ်း ၁၃၅-၁၃၆ လမ်းကြားရှိ ခြံဝင်းအတွင်း ဆက်စပ်တရားခံ တင်စိုးနှင့် ကျော်တင်ဦး(ခ)ငပိန်တို့ နှစ်ဦးကို ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မတ် ၂၈ ရက် ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရွာလမ်း အကွက်အမှတ် ၈၆၂ ၌ တရားခံ ဆန်းဝင်းအား ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ ခနုံးကျေးရွာ၌ ဖမ်းဆီးရန်ကျန် တရားခံ **ကျော်နိုင်**၏ နေအိမ်မှ Sigsauer ပစ္စတို တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၉ မမကျည် ၄၃ တောင့်၊ ဓားပြတိုက်လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ်သိန်း ၆၀၀၊ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် ဂရမ် ၂၂၈၀ နှင့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ ဆန်းဝင်း၏ထွက်ဆိုချက်အရ ပြည်ကြီးတံခွန်မြို့နယ် ၁၄၂ လမ်း ၆၁-၆၂ လမ်းကြား၌ တရားခံ တင်စိုး(ခ)ရခိုင်ကို ဓားပြတိုက်လုယက်မှုတွင်ပါရှိသွားသည့် ငွေကျပ် ၂၃၅ သိန်းနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ ဆန်းဝင်းသည် ၁၉၉၄ ခုနှစ်တွင် တာချီလိတ်မြို့၌ တရားမဝင် ရွှေဟောင်းပစ္စည်း ရောင်းဝယ်ပြုလုပ်မှုဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် ဖမ်းဆီးခံခဲ့ရပြီး ကျိုင်းတုံအကျဉ်းထောင်၌ ထောင်ဒဏ် သုံးနှစ်ကျခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် ကလောမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ ဘိန်းမည်း ငါးပိဿာနှင့်အတူ ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ်နှစ် ၃၀ ထပ်မံကျခဲ့ပြီး ၂၀၁၉ ခုနှစ် မေ ၁၇ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သူ ဖြစ်ကြောင်း သိရသည်။

တရားခံ တင်စိုး(ခ)ရခိုင်သည် ၂၀၀၃ ခုနှစ်တွင် မူးယစ်ဆေးဝါးမှုဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့မရဲစခန်း၌ ဖမ်းဆီးခံခဲ့ရပြီး မြစ်ကြီးနားအကျဉ်းထောင်တွင် ထောင်ဒဏ် ခုနစ်နှစ်ကျခံခဲ့ရကာ ၂၀၀၉ ခုနှစ်တွင် ပြစ်ဒဏ်ဇေ့သဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း သိရသည်။





၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ညောင်ပင်ကုန်းရွာ (၄)ရပ်ကွက်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများက သတ်ဖြတ်သဖြင့် သေဆုံးခဲ့သည့် ဒုတိယရဲမှူးဝင်းမင်းသန့်၏ မှတ်တမ်းဓာတ်ပုံ။

တရားခံ ဆန်းဝင်း၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတို နှစ်လက်နှင့် ခဲယမ်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလခန့်တွင် ဖယ်ခုံမြို့နယ် လဒိကျေးရွာသို့ သွားရောက်၍ ဖမ်းဆီးရန်ကျန် တရားခံ **မောင်ဆန်း**ထံမှ ငွေကျပ် ၁၀၂ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်နှင့် ဓားပြတိုက်လုယက်မှု သုံးကြိမ် ကျူးလွန်ခဲ့ကြောင်း သိရှိရသည်-

➤ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တရားခံ ဆန်းဝင်းသည် ဓားပြတိုက်လုယက်မှု ပြုလုပ်ရန်အတွက် အမရပူရမြို့နယ်အတွင်း လိုက်လံကြည့်ရှုစဉ် ညောင်ပင်ကုန်းကျေးရွာ (၄)ရပ်ကွက်၌ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များ ဝတ်ဆင်ထားသော ဒေါ်ခင်လတ်ကို တွေ့ရှိ၍ ၎င်း၏နေအိမ်ကို ဓားပြတိုက်လုယက်ရန် ကြိုတင်သတ်မှတ် ထားရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆန်းဝင်း ခေါင်းဆောင်၍ တင်စိုး(ခ)ရခိုင်၊ တင်စိုး၊ ကျော်တင်ဦး(ခ)ငပိန်၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **တမောင်း**၊ **ကျော်နိုင်**တို့သည် ဒေါ်ခင်လတ်၏ နေအိမ်ကို ဝင်ရောက်ဓားပြတိုက် လုယက်ခဲ့ကြောင်း၊ ထိုသို့ ဓားပြတိုက်လုယက်နေစဉ် ဒေါ်ခင်လတ်၏ မောင်ဖြစ်သူ ဒုတိယရဲမှူး ဝင်းမင်းသန့် ရောက်ရှိလာပြီး ၎င်းတို့ကို လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့သဖြင့် တရားခံ

**စာမျက်နှာ ၂၃ သို့**





၂၀၂၃ ခုနှစ် မတ် ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက် ၂၆-၂၇ လမ်းကြား၌ ဓားပြတိုက်လုယက်ခံရသည့် ဒေါ်တောမုန့်တီဆိုင် မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်၌ ဓားပြတိုက်လုယက်ခံရသည့် “ စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်” ၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ “ စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်” အား ဓားပြတိုက်လုယက်စဉ် တွေ့ရှိရသည့် CCTV မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

ဆန်းဝင်းက ပစ္စတိုဖြင့် သုံးချက်ပစ်၍ လုပ်ကြံသတ်ဖြတ်ကာ နေအိမ်အတွင်းမှ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် သုံးကွင်း၊ ရွှေလက်စွပ် လေးကွင်း၊ ငွေကျပ်သိန်း ၃၀၀ နှင့် ဒုတိယ ရဲမှူးဝင်းမင်းသန့် ကိုင်ဆောင်သည့် ခြောက်လုံးပြူး တစ်လက်တို့ကို ဓားပြတိုက် လုယက်ယူဆောင်သွားခဲ့ကြောင်း၊ ဓားပြတိုက် လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်” သို့သွားရောက်၍ ငွေကျပ်သိန်း ၈၀ ဖြင့် ရောင်းချခဲ့ကြောင်း။

➤ မတ် ၁၁ ရက်တွင် တရားခံ ဆန်းဝင်းသည် ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက်၊ ၂၆-၂၇ လမ်းကြားရှိ “ဒေါ်တောမုန့်တီဆိုင်” သို့ ပါဆယ် သွားရောက်ဝယ်ယူစဉ် ဆိုင်ပိုင်ရှင်မှာ ရွှေဆွဲကြိုးအကြီး တစ်ကုံးနှင့် ရွှေလက်ကောက်များ ဝတ်ဆင်ထားသည်ကို တွေ့ရှိသဖြင့် ဓားပြတိုက်လုယက်ရန် ကြိုတင်သတ်မှတ်ထားရှိခဲ့ကြောင်း၊ မတ် ၁၂ ရက်တွင် တရားခံ ဆန်းဝင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံ **တမောင်း**တို့သည် “ဒေါ်တောမုန့်တီဆိုင်” သို့သွားရောက်၍ ဆိုင်ပိုင်ရှင် ဒေါ်မာလွင်အား လက်နက်ဖြင့်ခြိမ်းခြောက်ကာ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် တစ်ကွင်းနှင့် ရွှေလက်စွပ် တစ်ကွင်းတို့ကို ဓားပြတိုက် လုယက် ယူဆောင်ခဲ့ကြောင်း၊ ဓားပြတိုက် လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်” သို့ သွားရောက်၍ ငွေကျပ်သိန်း ၄၀ ဖြင့် ရောင်းချခဲ့ကြောင်း။


ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဆန်းဝင်းသည် ဓားပြတိုက်လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်” သို့ သွားရောက်ရောင်းချစဉ် ဆိုင်အတွင်း၌ ငွေစက္ကူများကို ဆာလာအိတ်ဖြင့် ထည့်ထားသည်ကို တွေ့ရှိခဲ့သဖြင့် ၎င်းဆိုင်ကို ဓားပြတိုက်ရန် စီစဉ်ခဲ့ပြီး ဓားပြတိုက်လုယက်ရာတွင် အသုံးပြုရန် Nissan(အနက်ရောင်) လိုင်စင်မဲ့ယာဉ် တစ်စီးကို ဝယ်ယူခဲ့ကြောင်းနှင့် တရားခံ ကျော်တင်ဦး(ခ) ငပိန်သည် ရွှေဆိုင်ဝန်ထမ်းများ ငွေစက္ကူများသယ်ယူမည့်အချိန်ကို ကြိုတင်စောင့်ကြည့်လေ့လာ၍ ဓားပြတိုက်လုယက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့နောက် မတ် ၂၇ ရက် ညနေပိုင်းတွင် တရားခံ ဆန်းဝင်း၊ တင်စိုး(ခ)ရခိုင်၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **တမောင်း**၊ **ကျော်နိုင်**တို့သည် လက်နက်များကိုင်ဆောင်ကာ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်” သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ဓားပြတိုက်လုယက်ခဲ့ကြောင်း၊ ထိုသို့ဓားပြတိုက်လုယက်စဉ် တင်စိုး(ခ)ရခိုင်က ၎င်းကိုင်ဆောင်လာသည့် ခြောက်လုံးပြူးသေနတ်ဖြင့် နှစ်ချက်ပစ်ဖောက်ခဲ့ပြီး ဝန်ထမ်းများကို ထိုင်ခိုင်းကာ ငွေစက္ကူများထည့်ထားသည့် ဆာလာအိတ် လေးအိတ်ကို ကားပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ကာ မောင်းနှင်ထွက်ပြေးခဲ့ကြောင်း၊ ၎င်းနောက် ငွေစက္ကူအိတ်များနှင့် ဓားပြတိုက်လုယက်ရာတွင် အသုံးပြုသည့် သေနတ် သုံးလက်တို့ကို မြစ်ငယ်မြို့ ခနုံးကျေးရွာရှိ ဖမ်းဆီးရန်ကျန် တရားခံ **ကျော်နိုင်**၏ နေအိမ်နှင့် တရားခံ တင်စိုး(ခ)ရခိုင်၏ နေအိမ်တို့တွင် နေရာခွဲ၍ သိမ်းဆည်းထားခဲ့ကြောင်း၊ ထို့ပြင် ၎င်းတို့နှင့်အတူ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများမှာ ဖယ်ခုံမြို့နယ် လအိကျေးရွာနေ ဖမ်းဆီးရန်ကျန်တရားခံ **မောင်ဆန်း**က ရောင်းချရန်အတွက် ပို့ဆောင်ပေးထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ အမျိုးသားလေးဦးကို Sigsauer ပစ္စတို တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၉ မမကျည် ၄၃ တောင့်၊ ဓားပြတိုက်လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ် ၈၃၅ သိန်း၊ ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် ဂရမ် ၂၂၈၀၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ နှင့် ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ်ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန်သိပြည်သူအချို့ကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ပူးပေါင်းပါဝင်ခြင်းများကြောင့် ဓားပြတိုက်လုယက်ခဲ့သည့် ဖြစ်စဉ်ကို ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများကို ထုခွဲရောင်းချရာ၌ တရားမဝင် လက်ခံဝယ်ယူခဲ့သည့် “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်”ကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓားပြတိုက်လုယက်မှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် တရားခံပြေး နှစ်ဦးကိုလည်း ဆက်လက်ဖော်ထုတ်၍ အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အဆိုပါတရားခံပြေးများကို တွေ့မြင်သိရှိရပါက လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးတို့အတွက် နေ့ညမပြတ် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။






ဓားပြတိုက်မှုဖြစ်စဉ်မှ တရားခံများနှင့် သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါး၊ ငွေကြေးများနှင့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။





ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ငွေကျပ် ၈၃၅ သိန်း ပြန်လည်သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

0w Kw d @

# ပါးစပ်ကတော့ ဘုရား

ဝိုင်းဝိုင်း




(၁)

မွန်းလွဲတစ်နာရီထိုးပြီ။ မကြာခင် ဦးဆန်းလာတော့မည်။ သည်အချိန်က လက်ဖက်ရည်ဆိုင်တွင် လူရှင်းချိန်။ ကျွန်တော်မျှော်မိသည့်အချိန်။ ဟော ရောက်လာပါပြီ။ ဆိုင်ကယ်ရပ် ဒေါက်ထောက် ဇက်သော့ခတ်ပြီး ဆိုင်ထဲသို့ တည်ငြိမ်စွာ ဝင်လာသော ဦးဆန်း။ ခါးကြားတွင် ထိုးထားသော အဝတ်စုတ်ကို ဖြုတ်ပြီး ဖုန်မရှိသောဘုရားစင်အောက်က ဦးဆန်းထိုင်နေကျစားပွဲခုံကို သေချာသုတ်ပေးလိုက်သည်။

"ဟေ့ လူချောလေး"

"ထိုင်ပါဗျ ကျဆိမ့်ဝမ်း ရှယ်"

ကျွန်တော့်ခေါင်းကိုပုတ်ပြီး နှုတ်ဆက်တတ်သော ဦးဆန်းအောင်ကို လေးစားချစ်ခင်မိသည်။

"ဗျို့ ဦးဆန်း ခင်ဗျားသားတော်မောင်က ဒီအချိန်ကို မျှော်နေတာဗျ။ သားအဖနှစ်ယောက် စကားပြောကြတော့"

လူပျိုကြီးဦးဆန်းကို ဆိုင်ရှင်ကိုကိုကြီးက အော်ပြောလိုက်သည်။ ကိုကိုကြီး၏စကားကို ဦးဆန်းက သဘောကျစွာရယ်သည်။ ကျွန်တော် ဆိုင်ရှင်ကိုကိုကြီးကို ကျေးဇူးတင်သည်။ သည်အချိန်ခဏကို ကျွန်တော့်အား ဦးဆန်းနှင့်ထိုင်ကာ စကားပြောခွင့်ပေးထား၍ဖြစ်သည်။ သည်အခွင့်အရေးရရန် ညစဉ်တစ်နာရီကြာအောင် ကိုကိုကြီးကို ကျွန်တော် နင်းနှိပ်ပေးရသည်။ ကျွန်တော့်နာမည် မိုးမြင့်ဆိုသော်လည်း နိမ့်ကျသော လက်ဖက်ရည်ဆိုင်စားပွဲထိုးဘဝ။ အသက်ဆယ့်နှစ်နှစ်မှစ၍ အလုပ်ဝင်ခဲ့ရသည်။ ယခု ကျွန်တော့်အသက် ဆယ့်ငါးနှစ်ရှိပြီ။ ကျွန်တော့်ကို လူလောကအကြောင်း သိရှိနားလည်စေရန်နှင့်အတွေးအခေါ်ရှိစေရန် ဦးဆန်းက အရေးတယူသင်ပေးခဲ့သည်။

ဗီဇဆိုးသော မိခင်၊ စရိုက်ဆိုးသော ဖခင်တို့က ပေါက်ဖွားလာသော ကျွန်တော်သည်လည်း အကျင့်မကောင်း မိုက်ရိုင်းတတ်ခဲ့သည်။ မိဘနှစ်ဦး ရှေ့ဆင့်နောက်ဆင့်ဆုံးပါးပြီးနောက် ကျွန်တော်ကျောင်းထွက်ကာ ဘူတာလမ်းဆုံတွင်ရှိသော သည်လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးဝင်လုပ်ခဲ့ရသည်။ ရသည့်လစာရှစ်သောင်းကို အဘွားကိုအပ်ရသည်။ ကျွန်တော့်ညီမနှစ်ယောက်ကို စောင့်ရှောက်နေသော မုဆိုးမအဘွားလည်း ဘူတာတွင် ဈေးရောင်းခြင်းအလုပ်က ယခင်ကလောက် အလုပ်မဖြစ်တော့ပါ။ ပတ်ဝန်းကျင်က တိုတိုထွာထွာခိုင်းသမျှလုပ်နေရင်း မြေးနှစ်ဦးနှင့် ချို့တဲ့စွာနေရသည်။ ကျွန်တော့်မိခင်သည် အလွန်ဗီဇဆိုးသည်။ အဖေက အမေ၏တတိယမြောက် ယောက်ျားဖြစ်သည်။ အဖေဆိုသည်မှာလည်း ယခင်မယားကြီးကိုပစ်ကာ အမေ့ကိုယူခဲ့သူ။ ရထားပေါ်လိုက်ကာ ခရီးသည်ကြို ကားလက်မှတ်ရောင်းလုပ်ရင်း လစ်လျှင်ခိုးတတ်သူ။ အမေ့ဗီဇက ဖျောက်မရတော့ အခြားယောက်ျားများနောက်လည်း ခဏခဏလိုက်ပြေးတတ်သည်။ အဖေက အမေ့ကို အတော်ချစ်၍ အမေရှိရာသို့ ရအောင်စုံစမ်းပြီး ငှက်ကြီးတောင်ဓားပြကာ ပြန်ခေါ်လာတတ်သည်။ ဝန်ထမ်းအိမ်ရာများ၏ နောက်တွင် ကျူးကျော်တဲထိုး၍နေကြသော ကျွန်တော်တို့မိသားစုကို ပတ်ဝန်းကျင်က လူရာမသွင်းပါ။ ကျွန်တော်လည်း မိုက်ရိုင်းသောကလေးတစ်ယောက်ဖြစ်ခဲ့သည်။

ဘဝကို ဖြစ်သလိုနေ အပျော်ရှာကာ မကောင်းတာ အကုန်လုပ်တတ်ကြသော အဖေနှင့်အမေက ကျွန်တော်တို့ မောင်နှမသုံးယောက်ကို ထားသွားခဲ့သည်။ ကျွန်တော်လည်း ထမင်းစားရရေးအတွက် စားပွဲထိုးလုပ်နေရသော်လည်း လူအများကို မကျေနပ်နေသော စိတ်ဖြင့် ရန်လိုနေတတ်သည်။ ကျွန်တော့်ကို အရေးတယူစကားပြောပေးတတ်သော ဦးဆန်းကြောင့်သာ နေတတ်၊ ထိုင်တတ်၊ တွေးတတ်၊ ပြောတတ်လာသည်။

(၂)

"အအေးသောက်လေ ငါ့တူ"

"မသောက်ပါဘူး ဦးဆန်းရယ်။ ကျွန်တော်က စားသောက်နေရပြီး ညီမလေးတို့က ချို့တဲ့နေရတာ"

"မင်းအဘွားကို ပြောလိုက်လား။ ကလေးနှစ်ယောက်ကို ချောင်းဦးက မိဘမဲ့မိန်းကလေးကျောင်းကို ပို့လိုက်ဖို့လေကွာ"

"ပြောတယ် ဦးဆန်း။ အဘွားက မခွဲနိုင်လို့ မပို့ချင်ဘူးတဲ့။ ကျွန်တော့်ညီမလေးတွေကလဲ ဆိုးပါတယ်။ မနေ့ကလဲ သူများပစ္စည်းခိုးလို့ ရပ်ကွက်ရုံးကို အတိုင်ခံရတယ်။ ပစ္စည်းပြန်ပေးပြီး အဘွားကတောင်းပန်လို့ပြီးသွားတာ"

"အဲဒါကြောင့်ပြောတာ။ မိဘမဲ့မိန်းကလေးကျောင်းအပ်လိုက်ရင် နေရေး၊ စားရေး၊ ပညာသင်ရေး၊ ဘဝရှေ့ရေးမပူရတော့ဘူးကွ"

"ကျွန်တော့်ညီမလေးတွေအတွက် အလုပ်ကြိုးစားလုပ်ချင်တယ်။ နန်းစုထဲမှာ ကြေးကျိုချက်တဲ့အလုပ် ဦးဆန်းပြောပေးမယ်ဆိုတာ ပြောပေးပါဗျာ"

"နေအုံးကွ။ အခုအချိန်မှာ အဲဒီအလုပ်တွေ နားထားကြလို့"

"ပိုက်ဆံများများရတဲ့အလုပ် လုပ်ချင်ပါတယ်ဗျာ"

"အေးပါကွာ။ ပိုက်ဆံဆိုတာကလဲ ရှာဖို့မလွယ်ပါဘူး။ သူတစ်ပါးရဲ့ပစ္စည်းကိုလဲ အချောင်မယူချင်ရဘူးကွ။ ကိုယ်ဘယ်လောက်ပဲ အခက်အခဲကြုံကြုံ သူများပစ္စည်းကို မခိုးမိစေနဲ့ကွ။ ကိုယ်ကျင့်တရားကို ထိန်းရမယ်။ လူတိုင်းကို ကူညီနိုင်တာ ကူညီရမယ်"

"ဟုတ်ကဲ့ပါ ဦးဆန်း"

ဦးဆန်းပြောသော စကားများအားလုံးကို ကျွန်တော် မှတ်သားလိုက်နာသည်။ လူပျိုကြီးဦးဆန်းသည် အိုးဘိုရပ်ကွက်တွင်နေသူဖြစ်သည်။ လေဖြတ်ထားသော ဖခင်ကြီးနှင့် အတူနေသည်။ အိမ်ထောင်ခွဲမောင်နှမငါးဦးက ဦးဆန်းတို့ သားအဖနေထိုင်နေသော ဘိုးဘွားပိုင်အိမ်ခြံမြေကိုရောင်းကာ အမွေခွဲကြရေး အရေးဆိုနေကြောင်း ပြောပြဖူးသည်။ ယခင်က ဦးဆန်းက ကျောက်သွေးကျောက်ဖြတ်အလုပ်၊ အိမ်ခြံမြေပွဲစားအလုပ် လုပ်သည်ဟုသိရသည်။ ကျွန်တော်နှင့် သိခဲ့ရသော လွန်ခဲ့သည့် သုံးနှစ်ကတည်းက ဘာမျှ မည်မည်ရရလုပ်သည်ကိုတော့ မတွေ့ရပါ။ လက်ဖက်ရည်ဆိုင်တွင် ဦးဆန်းက တမေ့တမောထိုင်တတ်သည်။ ကျွန်တော့်ကို စကားပြောပေးနေစဉ် သူ့အသိမိတ်ဆွေများလာလျှင်တော့ ကျွန်တော် အလိုက်တသိစားပွဲမှ ထပေးသည်။ ဦးဆန်းနှင့် စကားပြောပြီးလျှင် ကျွန်တော့်စိတ်များ လန်းဆန်းအားတက်ရသည်။

(၃)

"ဟေ့ကောင် မိုးမြင့် မင်း ဦးဆန်း ဒီနေ့ နေ့လယ်မလာပါလားကွ"

ဆိုင်ပေါက်ဝကို တမျှော်မျှော်ကြည့်နေသော ကျွန်တော့်အား ကိုကိုကြီးက လှမ်းပြောလိုက်သည်။

"ဟုတ်တယ်ကိုကြီး။ ဦးဆန်းမလာတာ ငါးရက်ရှိပြီ။ မနက်ဖြန်နေ့လယ်တော့ ဦးဆန်းအိမ်ကို ကျွန်တော် ခဏသွားအုံးမယ်နော်"

"အေး သွား သွား မင်းသွားရင် ကျဆိမ့်ပါဆယ်ယူသွားကွာ"

"ဟုတ်ကဲ့ ကိုကြီး"

ထိုညက ကျွန်တော် အတော်နှင့် အိပ်မပျော်ပါ။ ဦးဆန်းဘာဖြစ်လို့လဲ။ နေမှကောင်းရဲ့လား အတွေးများနေမိသည်။ နောက်ရက် နေ့ခင်းတွင် လက်ဖက်ရည်ကျဆိမ့်ပါဆယ်ထုပ်လေးဆွဲကာ ဦးဆန်းအိမ်သို့ ရောက်ခဲ့သည်။ ဦးဆန်းက သူ့အဖေအိပ်နေသော ခုတင်ဘေးတွင် ပက်လက်ကုလားထိုင်ဖြင့်ထိုင်နေသည်။

"ဟ လူချောလေးပါလား။ လာဟေ့ ငါ့ဆီလာတာ ဝမ်းသာတယ်ကွာ"

"ဦးဆန်းနေကောင်းရဲ့လား။ ကျွန်တော် လက်ဖက်ရည်ယူလာတယ်"

ကျွန်တော့်လက်ထဲက ပါဆယ်ထုပ်ကိုယူကာ ချက်ချင်း ဖန်ခွက်ထဲထည့်ပြီး ဦးဆန်းက အရသာရှိရှိသောက်သည်။

"ကောင်းလိုက်တာကွာ။ ငါက မင်းတို့ဆိုင်က လက်ဖက်ရည်အစွဲကွ။ အဖေ့ကိုပြုစုရ၊ မောင်နှမတွေ အရေးဆိုနေကြတာ စိတ်ရှုပ်ရနဲ့ ငါလဲ နေမကောင်းတာနဲ့ မင်းတို့ဆိုင်မလာဖြစ်တာပါကွာ"

"ကျွန်တော်က သတိရပြီး စိတ်ပူလို့လာတာပါ"

ဦးဆန်းထိုင်သော ပက်လက်ကုလားထိုင်အနီးက ခုံပုလေးပေါ် ထိုင်ရင်း စားပွဲပေါ်က စာရွက်များကို ကျွန်တော်ကြည့်မိသည်။

"ဒါက ဘာစာရွက်တွေလဲ ဦးဆန်း"

"အဲဒါ ဘောလုံးပွဲလောင်းတဲ့ မောင်းစာရွက်တွေကွ။ ကံမကောင်းသေးပါဘူးကွာ။ မောင်းက ကျိုးနေတာပဲ"

"ဟာ ဦးဆန်းပဲပြောတာလေ။ ကံဆိုတာ အလုပ်ဆို။ သူများနိုင်ငံမှာ သူများတွေကန်နေကြတဲ့ ဘောလုံးပွဲကိုလောင်းနေတာ ကံနဲ့ဆိုင်လို့လား"

"အမယ် ငါ့တူက အတွေးအခေါ်တွေတတ်လို့ပါလား။ ဟား ဟား ဟား"

"လောင်းကစားကလဲ သူများဆီက အချောင်လိုချင်စိတ်ပဲမဟုတ်လား။ မလုပ်ပါနဲ့ဦးဆန်းရာ"

"အေးကွာ။ ငါလဲ အခု အကြွေးတွေ ဝိုင်းနေပြီကွ။ ငါ့ကိုယ်ငါ ထိန်းရမှာပေါ့ကွာ"

ကျွန်တော်လည်း ဦးဆန်းနှင့် ခဏသာစကားပြောပြီး ဆိုင်သို့ပြန်လာခဲ့သည်။ ညနေဆိုင်ပိတ်ချိန်တွင် ကျွန်တော့်အတွက်ရသော ထမင်းနှင့် ဟင်းထုပ်ယူကာ အဘွားတို့ဆီကိုသွားသည်။ ညီမလေးတို့ချို့တဲ့စွာ စားနေရခြင်းကို စိတ်မကောင်းဖြစ်ရသည်။

(၄)

"မိုးမြင့် မင်းအဘွား မူးလဲလို့တဲ့။ ရော့ ပိုက်ဆံ ဆေးခန်းပြလိုက်အုံး"

ကိုကိုကြီးပေးလိုက်သည့် ပိုက်ဆံတစ်သောင်းယူကာ ကျွန်တော့်ကို လာခေါ်သောညီမလေးနှင့် အိမ်အမြန်ပြန်လာသည်။ ခွေခွေလေးအိပ်နေသည့်အဘွားက မျက်ရည်များစီးကျလျက်။

"အဘွား ထနိုင်လား။ လာ သားကိုတွဲနော်။ ဆေးခန်းသွားရအောင်"

အဘွားကိုသေချာတွဲပြီး ရပ်ကွက်ထိပ်က ဆေးခန်းတွင်ပြသည်။ အာဟာရချို့တဲ့ပြီး သွေးပေါင်ကျနေ၍ အကြောဆေးသွင်းပေးလိုက်သည်။ ညကျတော့ အိပ်ပျော်နေကြသော အဘွားနှင့် ညီမလေးနှစ်ယောက်ကို ကြည့်ပြီး ကျွန်တော်ငိုနေမိသည်။ ကျူးကျော်အိမ်လေးကလည်း အမိုးမလုံ၊ ဘေးထရံများကပေါက်နေပြီး ပို၍ယိုင်နဲ့လာသော အိမ်အခြေအနေ။ ကျွန်တော့်မျက်လုံးထဲတွင် ကိုကိုကြီးအခန်းထဲက ဗီရိုထဲ၌ သိမ်းထားသောငွေများကို မြင်ယောင်လာသည်။ ဗီရိုသော့သိမ်းထားသောနေရာအား ကိုကိုကြီးကို နင်းနှိပ်ပေးနေကျ ကျွန်တော်သိသည်။ သည်ညသာ အဘွားနေမကောင်း၍ ကျွန်တော်အိမ်ပြန်အိပ်ခြင်းသာ။ လက်ဖက်ရည်ဆိုင်စပြီး အလုပ်ဝင်ကတည်းက ဆိုင်တွင်သာ စားပွဲထိုးကလေးများ တန်းစီအိပ်ရသည်။ ကိုကိုကြီးအခန်းကိုလည်း ကျွန်တော်တစ်ဦးတည်းသာ ဝင်ခွင့်ရသူ။ မနက်ဆိုင်တွင် စားပွဲထိုးနေရသော်လည်း ကျွန်တော် စိတ်နှင့်လူမကပ်။ ညရောက်ချင်လှပြီ။

ညနေတွင် ကျွန်တော်ရသည့်ခွဲတမ်း ထမင်းဟင်းတို့ကို အဘွားတို့နှင့်မျှစားကြပြီး ဆိုင်ကိုပြန်လာသည်။

စာမျက်နှာ ၂၅ သို့ ➤

# ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများသို့ နေ့စဉ် ဘုရားဖူးဦးရေ ၈၀၀၀၀ ကျော် လာရောက်ဖူးမြော်



**ညောင်ဦး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများသို့ မတ်လလယ်မှစ၍ နေ့စဉ်ဘုရားဖူးပြည်သူဦးရေ ၈၀၀၀၀ ကျော် လာရောက်ဖူးမြော်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ပြောပြ၍ သိရသည်။

ယခုလအတွင်း နွေရာသီကျောင်းပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အထင်ကရဘုရားများ၊ သာသနိကအဆောက်အအုံများ၊ အပန်းဖြေဆင်စခန်းတို့တွင် ခရီးသွားများဖြင့် စည်ကားနေကြောင်း သိရသည်။

“မတ်လလယ်လောက်ကစပြီး နေ့စဉ် ဘုရားဖူးဝင်ရောက်မှုက မြင့်တက်လာပါတယ်။ မတ်လဆန်းလောက်မှာ နေ့စဉ် ဘုရားဖူးပြည်သူ ၅၀၀၀၀ လောက် ဝင်ရောက်ရာကနေ မတ်လလယ်ကနေစပြီး အခုလကုန်ခါနီးထိ နေ့စဉ်ဘုရားဖူးပြည်သူ ၈၀၀၀၀ လောက်ထိ ဝင်ရောက်လျက်ရှိပါတယ်။ လတ်တလော ပုဂံမှာဘုရားဖူးများပြားနေပါတယ်။ လာမဲ့ သင်္ကြန်ပိတ်ရက်မှာလဲ လာရောက်ကြမဲ့ ခရီးသွားတွေ အများအပြား ရှိနေပါတယ်”ဟု ဦးမျိုးမင်းအောင်က ပြောပြသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဆုတောင်းပြည့်ဘုရား ငါးဆူရှိသည့် ရွှေဆံတော်ဘုရားရှိ ဆုတောင်းပြည့် ဆင်းတုတော်၊ တာမဏီသိမ်ကျောင်းရှိ ဆုတောင်းပြည့်ဆင်းတုတော်၊ ဓမ္မရာဇကဘုရားရှိ ဆုတောင်းပြည့်ဆင်းတုတော်နှစ်ဆူ၊ လောကနန္ဒာဘုရားရှိ ဆုတောင်းပြည့် ဆင်းတုတော်တို့တွင် ဘုရားဖူးများစည်ကားလျက်ရှိကြောင်း သိရသည်။ ASH

# ဆိပ်ဖြူမြို့နယ် အနောက်ကံတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ကံတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၈ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အနောက်ကံတွင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၅၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

➤ စာမျက်နှာ ၂၄ မှအဆက်

ထုံးစံအတိုင်း ကိုကိုကြီးကို နှင်းနှိပ်ပေးရသည်။ ယခင်နေ့ကထက် ပိုကြာကြာနှင်းပေးမိသည်။ စိတ်ကတော့ ဂနာမငြိမ်ပါ။ ဦးဆန်းပြောသော အချောင်မလိုချင်ရဟူသောစကားကို ထပ်တလဲလဲကြားယောင်လာပြီး တထစ်ချစိတ်မွေးလိုက်သည်။ ကျွန်တော် မျက်ရည်များ စီးကျလာမိသည်။

“ရပြီကွာ။ မင်း ဒီနေ့ သဘောကောင်းနေပါလား”

“ဟီး ဟင့် အင့်”

ကျွန်တော် စိတ်ထိန်းနေသော်လည်း မရတော့ပါ။ ဝမ်းနည်းအားငယ်လာကာ ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

“ဟာ မိုးမြင့် ဘာဖြစ်တာလဲ။ မင်းအဘွားအခြေအနေ မကောင်းလို့လား။ ပြောစမ်းကွာ ဟေ့ကောင် တိတ်ပါ။ ပြောကွာ”

စိုးရိမ်စွာမေးနေသော ကိုကိုကြီးကို ကျွန်တော် ပြောပြမိသည်။

“ကျွန်တော်တို့အိမ်လေး ပျက်စီးနေပြီ။ ပြင်လဲမပြင်နိုင်ဘူး။ အဘွားကလဲ အာဟာရချို့တဲ့နေတာတဲ့။ ဘယ်လိုမှလဲ မလုပ်တတ်ဘူး ကိုကြီးရာ”

“အေးပါကွာ။ ငါ မနက်ဖြန် ကြည့်လုပ်ပေးပါ့မယ်။ မငိုပါနဲ့တော့ကွာ။ မင်းက ငါ့ကိုစေတနာထားပြီး ညတိုင်းနင်းနှိပ်ပေးနေတာ။ ဝမ်းမနည်းနဲ့တော့။ တိတ် တိတ်”

“ဗျာ တကယ်နော် ကိုကြီး”

ကျွန်တော့်ရင်ထဲ ဘယ်လိုပျော်မိမှန်း မသိတော့ပါ။ ဦးဆန်းကို သတိရပြီး ကျေးဇူးတင်မိသည်။

(၅)

“ဟော ဦးဆန်း လာတယ် ဆိုင်ကယ်ကော။ ခြေကျင်လာတာလား”

“ဟေ့ကောင်။ ငါ့ဘာသာ ခြေကျင်လာတာ ဘာဖြစ်လဲ။ အာပြဲကြီးနဲ့ မင်း မေးစရာလား”

ဦးဆန်းက မျက်နှာနီကာ ပြန်ပြောလိုက်၍ ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။

“တောင်းပန်ပါတယ်ဗျာ။ ကျဆိမ့်ဝမ်း ရှယ်”

မျက်နှာမကြည်သော ဦးဆန်းအနားကို ကျွန်တော် မထိုင်ရဲတော့ပါ။

“ဟေ့ သားအဖသုံးယောက်ပါလား။ လာလေကွာ။ ဒီမှာလာထိုင်”

“ဟုတ် ကိုကြီးဆန်း”

လူလတ်ပိုင်းအရွယ် ဇနီးမောင်နှံနှင့်အတူ လေးနှစ်ခန့်မိန်းကလေးတစ်ဦး ဆိုင်ထဲဝင်လာ၍ ဦးဆန်းက သူစားပွဲတွင်လာထိုင်ရန် ခေါ်လိုက်ခြင်းဖြစ်သည်။ ညှိုးသည်များမှာသော မုန့်၊ လက်ဖက်ရည်များချပေးပြီး ဘေးကစားပွဲတွင်ထိုင်ကာ သူတို့ကို ကျွန်တော်ငေးနေမိသည်။ ပြုံးရွှင်နေသည့်မိသားစုလေးကိုကြည့်ရသည်မှာ ကြည်နူးစရာ။

“ကိုကြီးဆန်း ပိန်သွားတယ်ဗျာ။ ကျွန်တော်တို့လဲ ရုံးကတစ်ဖက်၊ အပြင်အလုပ်လေးလဲ လိုက်လုပ်နဲ့ဆိုတော့ ဦးကြီးဆီတောင် မလာဖြစ်ဘူး”

“မင်း ဦးကြီးကတော့ ဒီလိုပါပဲကွာ။ လာ သမီးလေး ဘဘပေါ် လာအုံး”

ဦးဆန်းက ကလေးမလေးကို သူ့ပေါင်ပေါ်တင်ကာ ပွေ့ထားပြီး ထွေရာလေးပါး စကားများပြောနေကြသည်။ ညှိုလာကျဲချိန်မို့ ကျွန်တော်တို့ စားပွဲထိုးလေးများလည်း ခဏထိုင်နားနေကြသည်။ ကိုကိုကြီးက သတင်းစာကို စိတ်ဝင်တစားဖတ်နေသည်။

“ပြန်အုံးမယ် ကိုကြီးဆန်း သမီးလာ”

“ဟင် အစ်ကို သမီးလက်က ဟမ်းချိန်းလေးမရှိတော့ဘူး”

“ဟာ အိမ်ကထွက်လာခါနီးမှ မင်းဝတ်ပေးခဲ့တာမလား။ လမ်းမှာများ ပြုတ်ကျလား၊ ဒီရောက်မှကျသလား”

လင်မယားနှစ်ယောက် ပျာယာခတ်စွာ စားပွဲခုံအောက်ငုံ့ကြည့်ရှာ။ ဆိုင်အဝင်ပေါက်ပတ်ကြည့်ရှာ။ စားပွဲထိုးလေးများကလည်း ဆိုင်ပေါက်ဝင်လမ်းတစ်လျှောက်ရှာကြ။ မတွေ့ပါ။ ကျွန်တော်က ရေနွေးပူပူတစ်ခွက်အပြည့်ကိုင်ကာ ဦးဆန်းကို သွားချပေးသည်။

“အား ပူလိုက်တာ မင်း မင်း ဘယ်လိုလုပ်တာလဲ”

ပူကျက်နေသော ရေနွေးပူက ပေါင်ပေါ်မှောက်ကျခံရ၍ ထခုန်ကာလန့်အော်သော ဦးဆန်းကို ကျွန်တော် ပြန်မဖြေအား။

“ဒီမှာ ဒီမှာ အစ်မ ဟမ်းချိန်းလေး ဒီမှာတွေ့ပြီ”

“ဟယ် တော်ပါသေးရဲ့ မနေ့ကမှ ဝယ်ထားတာလေး ပျောက်ပြီဆိုပြီး ရင်ပူသွားရတာ။ ကျေးဇူးပါ မောင်လေး”

ပြုံးပြုံးရွှင်ရွှင်နှင့် ရင်အေးစွာပြန်သွားသော မိသားစုလေးကိုကြည့်ပြီး ကျွန်တော်ရင်အေးမိပေမဲ့ ဘောင်းဘီအိတ်ကပ်တွင်းလက်နှိုက်ကာ စိမ်းကားစူးနစ်စွာ ကျွန်တော့်ကိုစိုက်ကြည့်သွားသော ဦးဆန်း၏ မျက်လုံးများကိုတော့ ရင်နာမိပါသည်။

## လူ့တန်ဖိုး

\- ထားရှိမေတ္တာ စေတနာ
လူတိုင်းအပေါ်မှာ၊
မုဒိတာစိတ် ရင်ဝယ်ထား
အမုန်းကင်းစင်သွား။

\- နှလုံးသားကို အလှဆင်
ကြည်နူးပြုံးပျော်ရွှင်၊
ချစ်ခင်စွာဖြင့် လက်တွဲကြ
ငြိမ်းချမ်းမှုတွေရ။

\- အတ္တကင်းဖို့ လိုအပ်ပေ
လူတို့ကမ္ဘာမြေ၊
အသိဝေမှ မေတ္တာပန်း
မွှေးမြလို့ပွင့်လန်း။

\- စိတ်ချမ်းသာလို့ ကိုယ်ကျန်းမာ
ကျင့်သုံးကြဖို့ရာ၊
နှလုံးသားမှာ စွဲထင်ဖို့
မှတ်ကျောက်တင်ကြစို့။

\- လူသားတို့ရဲ့ အကျိုးဆို
သယ်ပိုးကြစေလို၊
ကောင်းမှုတွေကို ချစ်မြတ်နိုး
အဲဒါလူ့တန်ဖိုး။ ။

**မောင်လူစိုး**

# အမ်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အမ်း မတ် ၂၉**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ပြောင်ချောင်းကျေးရွာနှင့် ဂါယ်လောင်း(ကျောင်းကုန်း)ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချစ်မောင်၊ အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပြောင်ချောင်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဂါယ်လောင်း(ကျောင်းကုန်း)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးချစ်မောင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အမ်းမြို့နယ် ပြောင်ချောင်းကျေးရွာ၌ အလျားပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို VDPစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၂ သိန်း စုစုပေါင်း ၁၂၂ သိန်းဖြင့်လည်းကောင်း၊ ဂါယ်လောင်း (ကျောင်းကုန်း)ကျေးရွာ၌ အရှည်ပေ ၄၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDPစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့်လည်းကောင်း ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

# တာဝန်ကျေသူနှင့် တာဝန်သွေသူ

ရွှေလင်းမြေ-ညွန့်ကိုကို

လူဟူ၍ ဖြစ်လာလျှင် တာဝန်နှင့်ကင်း၍မရပါ။ မိသားစုတာဝန်၊ ရပ်ရွာတာဝန်၊ နိုင်ငံ့တာဝန် စသည်ဖြင့် တာဝန်များကို ထမ်းဆောင်ကြရသည်။ ထိုထိုသောတာဝန်များကို ထမ်းဆောင်ရမည့်သူကို တာဝန်ရှိသူဟုခေါ်သည်။ ထိုတာဝန်ကို မိမိထမ်းဆောင်ရမည်ဟု သိရှိသူကို တာဝန်သိသူဟု ခေါ်သည်။ ထိုတာဝန်ကိုလက်ခံ၍ ဆောင်ရွက်ပေးနိုင်သူကို တာဝန်ခံဟုခေါ်သည်။ မြန်မာအဘိဓာန်တွင်တာဝန်ကို "ဆောင်ရွက်ရန် အမှုကိစ္စ၊ ဝတ္တရား"ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် တာဝန်ကျေသူသည် လုပ်ဆောင်ရန်ကျရောက်လာသောအမှုကိစ္စကို ကျေပွန်အောင်ထမ်းဆောင်နိုင်သူဖြစ်သည်။ တာဝန်သွေသူဆိုသည်မှာ လုပ်ဆောင်ရန် ကျရောက်လာသော အမှုကိစ္စကို မဆောင်ရွက်နိုင်ဘဲ၊ ဆောင်ရွက်မပေးဘဲ သွေရှောင်သူပင်ဖြစ်သည်။

လုပ်ဆောင်ရမည့် အမှုကိစ္စများတွင် မဖြစ်မနေလုပ်ဆောင်ရမည့်၊ လုပ်ဆောင်သင့်သည့် အမှုကိစ္စကို တာဝန်ဟု ခေါ်ဆိုကြပြီး လူမှုရေးအရ၊ စိတ်ဆန္ဒအရလုပ်ဆောင်သင့်သည့်အမှုကိစ္စကို ဝတ္တရားဟု ခေါ်ဆိုကြသည်။ ဆိုရလျှင် တာဝန်သည် လုပ်ကိုလုပ်ရမည့်အမှုကိစ္စဖြစ်ပြီး ဝတ္တရားသည် လုပ်ဆောင်သင့်သည့်လူ့ဘောင်ကိစ္စဖြစ်သည်။

တာဝန်ကို လေးစားမြတ်နိုးစွာ ဆောင်ရွက်လိုသူထံတွင် တာဝန်ခံမည်ဟူသော အသိတရားနှင့် မဖြစ်မနေ ဆောင်ရွက်မည်ဟူသော ခံယူချက်တို့ရှိသည်။ တာဝန်ကို ဆောင်ရွက်ရာတွင်လည်း လူမိုက်တစ်ယောင်၏ ချီးမွမ်းခြင်းထက် လူကောင်းတစ်ယောက်၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြောက်သည်။ တာဝန်သည် လုပ်သင့်လုပ်ထိုက်သည်ကို ဆောင်ရွက်ရခြင်းဖြစ်၍ အပြစ်ထက် အကျိုးကများသည်။ မလုပ်သင့်မလုပ်ထိုက်သည်ကို လုပ်ခြင်းကား အကျိုးမရှိဘဲ အပြစ်များသာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ တာဝန်ယူစိတ်၊ တာဝန်ကျေစိတ်သည် လူသားဆန်သော စိတ်မြတ်ဖြစ်ပြီး တာဝန်မသိစိတ်၊ တာဝန်သွေစိတ်သည် တိရစ္ဆာန်ဆန်သော စိတ်ယုတ်ဖြစ်သည်။ တိရစ္ဆာန်တွင်ပင် လူ့အသိစိတ်နှင့်နီးစပ်၍ လိမ္မာသောတိရစ္ဆာန်သည် တာဝန်ကျေကျေ ဆောင်ရွက်ပေးတတ်လေသည်။

တာဝန်ကျေသူတို့သည် လူပင်သေသော်လည်း နာမည်မသေပါ။ လူအများ၏ ချစ်ခင်လေးစားတန်ဖိုးထားမှုကို အမြဲရရှိသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတစ်နိုင်ငံလုံး၊ မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ရမည့် အမှုကိစ္စသည် မိမိတို့တာဝန်ဟု ခံယူသည်။ ထို့ကြောင့် လွတ်လပ်ရေးအတွက် နည်းလမ်းမျိုးစုံနှင့် ဝီရိယစိုက်ထုတ်ကြိုးစားဆောင်ရွက်ခဲ့သည်။ ရဲဘော်သုံးကျိပ်ကို ဖွဲ့စည်းပြီး စစ်ပညာများကို သင်ယူကာ ဂျပန်နှင့်မိတ်ဖွဲ့၍နယ်ချဲ့ကိုတိုက်ထုတ်ခဲ့သည်။ နယ်ချဲ့တို့ထွက်သွားသော်လည်း မိတ်ဆွေဟု ထင်ခဲ့သော ဖက်ဆစ်ဂျပန်တို့က လူလဲအုပ်ချုပ်နှိပ်စက်မှုကို ခံရသည်။ ထိုအခါ လွတ်လပ်ရေးရရှိရန်သာ မဖြစ်မနေ ဆောင်ရွက်လိုသော ဗိုလ်ချုပ်အောင်ဆန်းသည် သူ့မိတ်ဖွဲ့ခေါ်ယူခဲ့သော ဂျပန်တို့ကို ပြန်လည်တိုက်ထုတ်ရမည့်တာဝန်ကို သိရှိခံယူသည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးပါဝင်သည့် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲအောင်မြင်သည်ထိ တာဝန်ကျေပွန်စွာ စည်းရုံးလှုံ့ဆော်ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးအတွက် ဗြိတိသျှနန်းရင်းဝန်ကြီး အက်တလီနှင့် စာချုပ်ချုပ်ဆိုနိုင်အောင် ကြိုးပမ်းခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးသည့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။ လွတ်လပ်ရေးရလုဆဲဆဲတွင် ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသော်လည်း လွတ်လပ်ရေးပန်းတိုင်သို့ရောက်အောင် ဆက်လက်ချီတက်ရမည်ဟူသော တာဝန်ကိုသိသည့် မြန်မာခေါင်းဆောင်များက လွတ်လပ်ရေးအတွက် ခရီးဆက်နိုင်ခဲ့သည်။ ထိုသို့ တာဝန်ကျေခဲ့သော ခေါင်းဆောင်

❖ မျက်မှောက်ခေတ်တွင် နိုင်ငံနှင့်လူမျိုးအတွက် တာဝန်ကျေသူနှင့် တာဝန်သွေသူများကို တွေ့နိုင်သည်။ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားသော မင်းမဲ့စရိုက်အရေးအခင်းကြီးတွင် နိုင်ငံရေးအမြတ်ထုတ်လိုသူများက ကျောင်းသားအရွယ်လူငယ်များကို သွေးထိုးမြှောက်ပင့်ပေးခဲ့သည်။ အရေးအခင်းကြီးမှရရှိသော စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအကျိုးအမြတ်များကိုသာ ထိုသူတို့ကရယူခဲ့ပြီး ပျက်စီးယိုယွင်းသွားသော နိုင်ငံ့စီးပွားရေး၊ ပြည်သူ့အကျိုးစီးပွား၊ ကျောင်းသား၊ ကျောင်းသူများ၏အရေးတို့ကို တာဝန်ယူဆောင်ရွက်မပေးခဲ့ချေ။ ထိုသူတို့ကား ငါစား တစ်ကိုယ်ကောင်း သမား၊ တာဝန်မှသွေဖည်သူများသာဖြစ်ပေသည်။ ❖

ကြီးများ၏ ကြိုးပမ်းမှုနှင့်ကျေးဇူးတို့သည် မပျောက်မပျက်နိုင်သော သမိုင်းမှတ်တိုင်အဖြစ် အမြဲတည်ရှိနေပေသည်။

မျက်မှောက်ခေတ်တွင် နိုင်ငံနှင့် လူမျိုးအတွက် တာဝန်ကျေသူနှင့် တာဝန်သွေသူများကို တွေ့နိုင်သည်။ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားသော မင်းမဲ့စရိုက်အရေးအခင်းကြီးတွင် နိုင်ငံရေးအမြတ်ထုတ်လိုသူများက ကျောင်းသားအရွယ်လူငယ်များကို သွေးထိုးမြှောက်ပင့်ပေးခဲ့သည်။ အရေးအခင်းကြီးမှ ရရှိသော စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအကျိုးအမြတ်များကိုသာ ထိုသူတို့က ရယူခဲ့ပြီး ပျက်စီးယိုယွင်းသွားသော နိုင်ငံ့စီးပွားရေး၊ ပြည်သူ့အကျိုးစီးပွား၊ ကျောင်းသား၊ ကျောင်းသူများ၏အရေးတို့ကို တာဝန်ယူ ဆောင်ရွက်မပေးခဲ့ချေ။ ထိုသူတို့ကား ငါစား တစ်ကိုယ်ကောင်းသမား၊ တာဝန်မှ သွေဖည်သူများသာဖြစ်ပေသည်။

ပျက်စီးယိုယွင်းသွားသောနိုင်ငံကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်၍ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ လိုအပ်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုနိုင်ရေးဥပဒေပညာရှင်များနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်က ရှေ့ဆက်သွားရမည့် လမ်းပြမြေပုံ ခုနစ်ချက်ကိုချမှတ်၍ လမ်း၊ တံတား၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်ကောလိပ်များ၊ နိုင်ငံတကာအဆင့်မီ MICC အစည်းအဝေးခန်းမကြီးများ၊ လွှတ်တော်အဆောက်အအုံကြီးများ စသည်တို့ကို တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဒီမိုကရေစီစနစ်ကို စတင်အခြေတည် အုတ်မြစ်ချပေးနိုင်ခဲ့ပြီး ပထမဒီမိုကရေစီအစိုးရ သက်တမ်းကာလတွင် ပြည်ပကြွေးမြီများ လျော့ကျစေခဲ့သည်။ တစ်ဦးချင်း GDP တိုးတက်အောင် တာဝန်ယူဆောင်ရွက်နိုင်ခဲ့သလို ဆောင်ရွက်ဆဲ လျှပ်စစ်စီမံကိန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA စာချုပ်ကို သမိုင်းဝင်ရေးထိုးနိုင်သည်ထိ တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်။ ၎င်းတို့အထဲမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကြောင့် နိုင်ငံခြားကုန်သွယ်ရေးကောင်းမွန်ပြီး လယ်သမားတို့ စီးပွားရေးကောင်းမွန်ခဲ့သည်။ တန်ဖိုးနည်း ဖုန်းဆင်းကတ်များ စီစဉ်ဆောင်ရွက်ပေးနိုင်မှုကြောင့် လူတိုင်းနီးပါးဖုန်းကိုင်နိုင်လာပြီး ဆက်သွယ်မှုကွန်ရက်တိုးတက်လွယ်ကူခဲ့သည်။

ဒုတိယဒီမိုကရေစီကာလတွင်ကား မလိုအပ်သော ပြောင်းလဲမှုများ၊ ပြင်ဆင်မှုများ၊ အင်အားလျှော့ချမှုများ ပြုလုပ်၍ တာဝန်ကို နိုင်နင်းအောင်မဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရသည်။ ကိုယ်တိုင်တာဝန်ယူ မဆောင်ရွက်မဖြေရှင်းနိုင်သဖြင့် ဖြစ်သမျှပြဿနာကို သူတစ်ပါးကိုသာ အကူအညီတောင်းခံဖြေရှင်းရသည့် အခြေအနေဆိုက်ရသည်။ မနိုင်ဝန်ထမ်းရမှုကြောင့် တာဝန်ကို မသိမသာသွေဖည်မှုဖြစ်လာရကာ ပြည်သူနှင့်တပ်မတော် သွေးကွဲရေးကြိုးပမ်း၍ အာရုံလွှဲရန်ဦးတည်ဆောင်ရွက်ခဲ့တော့သည်။ ထို့ပြင် တာဝန်ယူဖြေရှင်းမပေးနိုင်သော ရွေးကောက်ပွဲပြဿနာနှင့် ကပ်ရောဂါစီမံခန့်ခွဲရေး အမှားများ၊ နိုင်ငံတော်ဘဏ္ဍာထိခိုက်နစ်နာမှုများကြောင့် တာဝန်ကိုလွှဲပြောင်းယူငင်ထိန်းသိမ်းခဲ့ရသည်။

တာဝန်ယူမှု၊ တာဝန်ခံမှုမပြုလုပ်လိုသော ဝန်ထမ်းတချို့သည်လည်း တာဝန်သွေဖည်သူများ၏ မှိုင်းတိုက်လှုံ့ဆော်မှုကြောင့် မိမိ၏ လုပ်ငန်းတာဝန်များကို သွေဖည်စွန့်ခွာခဲ့သည်။ ထိုသို့ သွေဖည်စွန့်ခွာမှုသည် မည်သည့်အဖွဲ့အစည်းကိုမျှမထိခိုက်ဘဲ မိမိတို့ပြည်သူအချင်းချင်းသာ ထိခိုက်နစ်နာခဲ့ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်သည်။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းမိသော အဆိုပါတာဝန်သွေဖည်မှု အမှားများကြောင့် တွေ့ကြုံခံစားရသည့် ပြည်သူတို့သည် စစ်မှန်သော တာဝန်ယူနိုင်သူအစိုးရကိုသာ လိုလားလာကြသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုတွင် တစ်ဖက်သို့ အပုပ်ချခြင်း၊ ပြည်သူ့အသက်အိုးအိမ်နှင့်အကျိုးစီးပွားကို ဖျက်ဆီးခြင်း၊ လိမ်ညာလှည့်ဖြားမှုများနှင့် သွေးဆောင်စည်းရုံးခြင်းတို့ပြုလုပ်၍ မရပေ။ ပြည်သူ့အကျိုးစီးပွားကို အမှန်တကယ်လက်တွေ့ကျကျ ဆောင်ရွက်ပေးနိုင်သူသာလျှင် တာဝန်ကျေသူဖြစ်သည်။

တာဝန်ကျေပွန်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အစိုးရဟူသည် မည်သူ့ကိုမျှ ဒုက္ခမပေး။ ဆောင်ရွက်ပေးမည်ဟု တာဝန်ယူထားသော၊ တာဝန်ခံထားသောကိစ္စအဝဝကို တစ်ဆင့်ချင်း စနစ်တကျဆောင်ရွက်ပေးတတ်သည်။ ယခု မြန်မာနိုင်ငံကို တာဝန်ယူထားသော နိုင်ငံတော်အစိုးရသည် ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်း၊ ခွင့်လွှတ်သင့်သူများကို ပြစ်ဒဏ်မှ ကင်းလွတ်ပေးခြင်း၊ ပြစ်မှုကျူးလွန်မှုမရှိဘဲ တစ်စုံတစ်ရာအမှား၊ စိုးရိမ်မှုများကြောင့် တိမ်းရှောင်နေသူများကို ပြန်လည်ကြိုဆိုလက်ခံခြင်း၊ နိုင်ငံငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ထားသည့်အတိုင်း ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်းတို့ဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အလုံးစုံပျက်စီးရေးသည် တာဝန်ကျေပွန်လိုသူတို့၏ လုပ်ရပ်မဟုတ်ဘဲ အမေကျော်ထွေးတော်လွမ်းသူတို့၏ အမှားလုပ်ရပ်သာဖြစ်သည်။ နိုင်ငံကို ချစ်သည်၊ ပြည်သူကို ချစ်သည်ဆိုလျှင် အယူမှား၊ လုပ်ရပ်မှားများကို စွန့်ပယ်၍ အားလုံးက ဝိုင်းဝန်းတာဝန်ယူဆောင်ရွက်သင့်ကြမည်။ သို့ဆိုလျှင် စည်းလုံးညီညွတ်ပြီး အေးချမ်းသာယာဝပြောသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံစစ်စစ် အောင်မြင်ပေါ်ထွန်းလာမည်မလွဲပေ။

## ပေါက်ခေါင်းမြို့နယ် ကွဲပေါင်ပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကွဲပေါင်ပင်ကျေးရွာ၌ ဆိုလာစနစ်သုံး ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကွဲပေါင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေများဖြင့် နေကြာအပါအဝင် ဆီထွက်သီးနှံများအတွက် ဆိုလာစနစ်သုံး ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ပေါက်ခေါင်းမြို့နယ် ကွဲပေါင်ပင်ကျေးရွာ၌ 2-42 kw ရှိ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း၊ 2HP ရှိ ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်း၊ အရှည်ပေ ၆၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၇၈ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကွဲပေါင်ပင်ကျေးရွာနေ ပြည်သူများအတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများနှင့် နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေ လုံလောက်စွာရယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ပြောပြ၍ သိရသည်။

**ကိုနိုင်**

# သကြၤန်ကာလနီးကပ်လာနေပြီဖြစ်သဖြင့် ပဲဈေးကွက်သွက်လက်လှုပ်ရှားလာပြီး ငွေပေးငွေယူမြန်ဆန်သည့် ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေ



**ရန်ကုန် မတ် ၂၉**

သင်္ကြန်ကာလနီးကပ်လာနေပြီဖြစ်သဖြင့် ပဲဈေးကွက်သွက်လက်လှုပ်ရှားလာပြီး ငွေပေးငွေယူမြန်ဆန်သည့် ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်သတင်းများနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်ရှိ ပဲကုန်သည်များထံမှ သိရသည်။

သင်္ကြန်ကာလရုံးပိတ်ရက်များတွင် စားသုံးသူဈေးကွက်များ၌ ပြန်လည်ရောင်းချရန် ကြိုတင်ဝယ်ယူမှုများရှိနေသကဲ့သို့ ရုံးများပြန်လည်ဖွင့်လှစ်သည်နှင့် ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုတင်ဝယ်ယူမှုများရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်များသို့ ပဲသစ်များ ဝင်ရောက်လာပြီဖြစ်သော်လည်း ပဲဈေးနှုန်းများ ကျဆင်းသွားခဲ့ခြင်းမရှိဘဲ ဝယ်ယူမှုမြင့်တက်နေသဖြင့် ဈေးကွက် သွက်လက်လှုပ်ရှားလာကာ ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်မြို့ ဘုရင့်နောင် ကုန်စည်ဒိုင်ပဲဈေးကွက်တွင် ပြည်ပသို့ တင်ပို့ရောင်းချပေးနေသည့် ပဲများသာမက ပြည်တွင်းသုံး ပဲများပါ ဈေးကွက်သွက်လက်လှုပ်ရှားကာ ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလရုံးပိတ်ရက်များတွင် စက်ရုံ၊ အလုပ်ရုံနှင့် ရုံးဌာနများသာမက ဘဏ်များလည်း ပိတ်ထားမည်ဖြစ်သဖြင့် ငွေကြေးအခက်အခဲမဖြစ်စေရန် ငွေပေးငွေယူမြန်ဆန်သည့် ကြိုက်ရောင်းကြိုက်ဝယ်စနစ်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် မတ် ၂၈ ရက်က ဘုရင့်နောင်ကုန်စည်ဒိုင်ပဲဈေးကွက်၌ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ မြေထောက်ပဲထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀၊ ပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၄၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၃၃၆)

# ပျဉ်းမနားမြို့နယ် ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုသမအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုသမအကြိမ်အဖြစ် ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သူသူ**

# ဘားအံမြို့နယ်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်

**ဘားအံ မတ် ၂၉**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းသစ်များအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်ပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ဝန်ထမ်းသစ်များကို လုပ်ငန်းခွင်ဝင်သင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကပို့ချပေးသော သင်ခန်းစာများကို သေချာလေ့လာစွာ သင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိအောင် ပြန်လည်အသုံးချဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချသင်ကြားမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းခွင်ဝင်သင်တန်းကို ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်းသစ် သင်တန်းသား၊ သင်တန်းသူ ၁၁ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ ဝန်ထမ်းများလိုက်နာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ စသည့်ဘာသာရပ်များကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် မတ် ၂၈ ရက်မှ ဧပြီ ၇ ရက်ထိ ၁၁ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်ထံမှ သိရသည်။ **ကိုသက်**



# ဟုမ္မလင်းမြို့နယ်တွင် လက်ဖက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိ ဈေးကောင်းရရှိ

**ဟုမ္မလင်း မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် လက်ဖက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိဈေးကောင်းရရှိနေကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းမြို့နယ်၌ ဒေသထွက်လက်ဖက်ခြောက်ဈေးကွက်အနေဖြင့် ပြီးခဲ့သည့်နှစ်က လက်ဖက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ သာ ဈေးရရှိခဲ့ပြီး ယခုလက်ရှိတွင် လက်ဖက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က လက်ဖက်ခြောက်တစ်ပိဿာကို ငွေကျပ် ၅၀၀၀ သာ ဈေးရရှိခဲ့ပြီး ဒီနှစ်မှာတော့ လက်ဖက်ခြောက်တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ မနှစ်ကထက် လက်ဖက်ခြောက်ဈေးက ပိုကောင်းပါတယ်။ ဟုမ္မလင်းလက်ဖက်ခြောက်ကို လူကြိုက်များပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်မှ ထွက်ရှိသောလက်ဖက်ခြောက်ကို ဟုမ္မလင်းမြို့နယ် အနီးတစ်ဝိုက် ကလေး၊ တမူး၊ မော်လိုက်၊ မုံရွာ၊ မန္တလေး ဈေးကွက်သို့ တင်ပို့ရောင်းချရကြောင်း သိရသည်။



ဟုမ္မလင်းမြို့နယ် ဒေသမှထွက်ရှိသောလက်ဖက်များကို ယခုနှစ် မတ်လတတိယပတ်မှ စတင်၍ ချူနေပြီး လက်ဖက်ကို နိုဝင်ဘာလထိ ချူဆွတ်ကြကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် လက်ဖက်များကို မိရိုးဖလာဘိုးဘွားစဉ်ဆက်စိုက်ပျိုးခဲ့ကြပြီး လက်ဖက်တစ်ဧကလျှင် ပေါင်းရှင်း၊ ကိုင်းဖြတ်၊ လုပ်အားခ ငွေကျပ် နှစ်သိန်းကုန်ကျစရိတ်ရှိကြောင်း၊ ဟုမ္မလင်းမြို့နယ်တွင် လက်ဖက် ၉၄၁၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လက်ဖက်ချူရာသီမရောက်မီ ကိုင်းဖြတ်၊ ပုံသွင်းခြင်းနှင့် ပေါင်းရှင်းခြင်းစနစ်တကျဆောင်ရွက်ရေး၊ ပေါင်းရှင်းရာတွင် ပေါင်းသတ်ဆေးများအလွန်အကျွံမသုံးစွဲရေးနှင့် လုပ်သားရှားလျှင် စက်ကိရိယာအသုံးပြု၍ ဆောင်ရွက်နိုင်ရေး လက်ဖက်စိုက်ခင်းများသို့ ကွင်းဆင်းဆွေးနွေးပြသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။ (၂၀၆)

# သံတွဲမြို့နယ် ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**သံတွဲ မတ် ၂၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ ပန်းတောကျေးရွာနှင့် သာယာကျွန်းကျေးရွာ၌ ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး လက်ရှိမြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် တာဝန်ရှိသူများက ပန်းတောကျေးရွာနှင့် သာယာကျွန်းကျေးရွာ၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပေးနိုင်ရေး လက်ရှိရေသုံးစွဲနေမှုနှင့် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ စိုက်ပျိုးမြေဧက ၁၀၀ ကျော် အကျိုးပြုမည်ဖြစ်ကြောင်း၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေများရရှိလျှင် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ယခင်ကထက် စက်သုံးဆီကုန်ကျစရိတ်များ လျော့နည်းသက်သာလာမည်ဖြစ်ကြောင်း သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# အစ္စရေးသုတေသီများက မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်သော ခရမ်းချဉ်သီးမျိုးစိတ်တစ်မျိုး တီထွင်



**ဂျေရုဆလင် မတ် ၂၉**

အစ္စရေးနိုင်ငံမှ သုတေသီများသည် မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်ရည်ရှိသော ခရမ်းချဉ်သီးမျိုးစိတ်တစ်မျိုးကို တီထွင်နိုင်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံပျက်စီးမှုများ ကြုံတွေ့နေရသည့် လယ်သမားများအတွက် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း Hebrew University မှ သုတေသနပညာရှင်များ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ The Media Line သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အစ္စရေးနိုင်ငံ Hebrew University မှ သုတေသနပညာရှင်များသည် ခြောက်သွေ့သောရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကောင်းမွန်သော ခရမ်းချဉ်သီးမျိုးစိတ်တစ်မျိုးကို တီထွင်နိုင်ခဲ့ပြီး အဆိုပါခရမ်းချဉ်သီးသည် သာမန်အသီးများထက် ရေထက်ဝက်သာ သုံးစွဲရန်လိုအပ်ကြောင်း ပရော်ဖက်ဆာ Dani Zamir က ပြောကြားခဲ့သည်။

"လက်ရှိ ဈေးကွက်ထဲမှာ ရောင်းချနေတဲ့ ခရမ်းချဉ်သီးမျိုးတွေက တစ်ဧကကို ပျမ်းမျှ ရေဂါလန် ၃၁၇၀၀၀ လိုအပ်ပါတယ်။ ကျွန်တော်တို့လေ့လာထားတဲ့ ခရမ်းချဉ်သီးမျိုးစိတ်ကတော့ အဲဒီရေပမာဏရဲ့ ထက်ဝက်ပဲလိုအပ်တယ်။ ဒါ့ပြင် အထွက်နှုန်းလဲကောင်း၊ အပင်၊ အသီးကြီးထွားပြီး ရောဂါပိုးဒဏ်ကိုလဲ ခံနိုင်ရည်ရှိတဲ့ရလဒ်ကောင်းတွေ ရရှိထားပါတယ်"ဟု Zamir က ပြောကြားခဲ့သည်။

သုတေသနပညာရှင်များအနေဖြင့် အဆိုပါခရမ်းချဉ်သီးမျိုးစိတ်ကို ပီရူးနိုင်ငံ အနောက်ဘက်သဲကန္တာရမှထွက်သော တောရိုင်းမျိုးစိတ်နှစ်မျိုးမှ သုတေသနပြုရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံက ကမ္ဘာ့ခရမ်းချဉ်သီး ၉၅ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

AZH

# တူနီးရှားနိုင်ငံတွင် မိုးခေါင်မှုကြောင့် ညအချိန်သောက်သုံးရေပေးဝေမှုကို ဖြတ်တောက်

**တူးနစ် မတ် ၂၉**

တူနီးရှားနိုင်ငံ၏မြို့တော် တူးနစ်မြို့အပါအဝင် အခြားသောမြို့များ၌ မိုးခေါင်ရေရှားပါးမှုကြောင့် သောက်သုံးရေမလုံလောက်သည့် ပြဿနာရှိသဖြင့် တူနီးရှားအာဏာပိုင်အဖွဲ့အစည်းက သောက်သုံးရေပေးဝေမှုကိုလျှော့ချရန် ပြင်ဆင်လာပြီး နိုင်ငံအတွင်း ညအချိန်၌ ရေပေးဝေမှုကို မတ် ၂၈ ရက်မှစ၍ ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ညအချိန်ရေပေးဝေမှုကို ဖြတ်တောက်ထားသည့်မြို့များမှာ တူးနစ်မြို့အပါအဝင် ဟမ်မာမတ်မြို့၊ ဆောဆီမြို့၊ မိုနာစတီမြို့၊ စဖက်မြို့တို့ဖြစ်ကြောင်း၊ မိုးခေါင်မှုကြောင့် ညအချိန်ရေပေးဝေမှုကို ဖြတ်တောက်ခဲ့သည့်အတွက် အစိုးရနှင့် ပြည်သူလူထုကြားတင်းမာမှုများ ရှိလာကြောင်း၊ သောက်သုံးရေပြတ်လပ်သွားမည့် အခြေအနေမျိုး မရောက်စေရေးအတွက် ယခုကဲ့သို့ ရေပေးဝေမှုကို အကန့်အသတ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အစိုးရက နိုင်ငံပိုင်ရှုပ်သံလိုင်းများမှတစ်ဆင့် ပြည်သူလူထုကို ရှင်းလင်းချပြခဲ့သည်။

"တူနီးရှားနိုင်ငံမှာ ဆိုးရွားတဲ့ မိုးခေါင်ရေရှားပါးမှု ပြဿနာတွေ ဖြစ်ပေါ်နေပါတယ်။ မိုးခေါင်ရေရှားပါးမှုကြောင့် သောက်သုံးရေမလုံလောက်မှုတွေ ဖြစ်ပေါ်နေတယ်။ နိုင်ငံအတွင်း သောက်သုံးရေပြတ်လပ်သွားမဲ့အရေးဖြစ်ပေါ်လာမှာကို စိုးရိမ်တဲ့အတွက် ညအချိန်မှာ ရေပေးဝေမှုကို ဖြတ်တောက်ဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်ပါတယ်။ ညအချိန် ရေပေးဝေမှုဖြတ်တောက်တာကို ဒီနွေရာသီတစ်လျှောက်လုံး လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နိုင်ငံအတွင်း သောက်သုံးရေပြတ်လပ်မဲ့အရေးကို ကာကွယ်နိုင်ဖို့အတွက် အခုလိုဆုံးဖြတ်ခဲ့တဲ့အပေါ် ပြည်သူတွေ နားလည်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု တူနီးရှားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



တူနီးရှားနိုင်ငံအတွင်းရှိ ရေလှောင်တမံများတွင် ၂၀၂၂ ခုနှစ်စက်တင်ဘာလမှ ၂၀၂၃ ခုနှစ် မတ်လလယ်ပိုင်းထိ ရေပမာဏမှာ တစ်ဘီလီယံ ကုဗမီတာထိ ကျဆင်းခဲ့ကြောင်း အာဏာပိုင်အဖွဲ့အစည်း၏ထုတ်ပြန်ချက်အရ သိရသည်။

**ခိုင်းဆက်**

# ဓာတုယိုဖိတ်မှုကြောင့် ယာယီပိတ်ထားရသည့် Trinseo Plc စက်ရုံ ပြန်လည် လည်ပတ်မည်

**လန်ဒန် မတ် ၂၉**

အင်္ဂလန်နိုင်ငံ ဘရစ္စတိုမြို့တွင် အခြေစိုက်သည့် ပလတ်စတစ်နှင့် အိမ်သုတ်ဆေးများထုတ်လုပ်သည့် Trinseo Plc စက်ရုံတွင် စက်ချို့ယွင်းမှုကြောင့် ပေါ်ပေါက်ခဲ့သော ဓာတုယိုဖိတ်မှုကို ရှင်းလင်းခဲ့ပြီးနောက် လာမည့်ရက်ပိုင်းအတွင်း စက်ရုံပြန်လည်လည်ပတ်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု BT သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သို့သော် ပန်ဆယ်ဗေးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော ဓာတုယိုဖိတ်မှု ထပ်မံမဖြစ်ပွားစေရေးအတွက် စက်ရုံကို ကျွမ်းကျင်ပညာရှင်များနှင့် စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ချရသည့်အခြေအနေရောက်မှသာ စက်ရုံကို ပြန်လည်လည်ပတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း စက်ရုံကို အသိပေးခဲ့သည်။

Trinseo Plc စက်ရုံတွင် စက်ချို့ယွင်းမှုကြောင့် ဓာတုယိုဖိတ်မှုမှာ ဂါလန် ၈၀၀၀ ထိရှိခဲ့ပြီး ရက်သတ္တပတ်ခန့်ကြာမြင့်သည်ထိ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

Trinseo Plc စက်ရုံအတွင်း တူးဖော်ထားသည့် ရေနုတ်မြောင်းသည် အော့တာခရိခ်ချောင်းအတွင်းသို့စီးဆင်းနေပြီး ထိုမှတစ်ဆင့် ဒီလာဝယ်မြစ်အတွင်း စီးဝင်သည့်အတွက် ဓာတုယိုဖိတ်မှုသည် ဒီလာဝယ်မြစ်အတွင်း တိုက်ရိုက်စီးဆင်းသွားနိုင်သည့် အခြေအနေဖြစ်သည်။

ဓာတုယိုဖိတ်မှု ဒီလာဝယ်မြစ်အတွင်းရောက်ရှိခဲ့ပါက ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်သလို ရေအောက်သတ္တဝါများအတွက်လည်း စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း၊ ထို့ကြောင့် အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက Trinseo Plc စက်ရုံမှ ဓာတုယိုဖိတ်မှုသည် ဒီလာဝယ်မြစ်အတွင်း စီးဆင်းခဲ့ခြင်းရှိ၊ မရှိ စစ်ဆေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်ပြီး ဒီလာဝယ်မြစ်အတွင်း စီးဆင်းမှုရှိခဲ့ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# လေထုညစ်ညမ်းမှုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းတိုက်ဖျက်သင့်

**ဝါရှင်တန် မတ် ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှုနှုန်းနှောင့်နှေးနေပြီး လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် တောင်အာရှမှ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့ဘဏ်က တိုက်တွန်းခဲ့သည်ဟု BT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေထုညစ်ညမ်းမှုတွင် အစိုင်အခဲအမှုန်အမွှား၊ အရည်မှုန်များနှင့် ဓာတ်ငွေ့များရောနှောပါဝင်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောဂါဝေဒနာကြောင့် အရွယ်မတိုင်မီ သေဆုံးခဲ့ရသူများအနက် ၂၀ ရာခိုင်နှုန်းမှာ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသောရောဂါများကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒါကာမြို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်း အမြင့်မားဆုံးသော နိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် ပါဝင်နေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လေထုညစ်ညမ်းမှုနှုန်းမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက သတ်မှတ်ထားသည့် ပမာဏထက် ၂၀ ရာခိုင်နှုန်းမြင့်မားနေသည့်အတွက် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့်အဆင့်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က သတိပေးခဲ့သည်။

လေထုညစ်ညမ်းမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၊ နာတာရှည်ရောဂါများနှင့် ကလေးငယ်များမှတ်ဉာဏ်ဖွံ့ဖြိုးမှုကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေပြီး မလိုအားအပ်သည့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားသင့်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည်။

လေထုညစ်ညမ်းမှုသည် နယ်မြေကန့်သတ်ချက်မရှိသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှသာ ရလဒ်ကောင်းမည်ဖြစ်မည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# လေထုညစ်ညမ်းမှုကြောင့် တောင်အာရှတွင် နှစ်စဉ် အရွယ်မတိုင်မီသေဆုံးသူနှစ်သန်းခန့်ရှိ

**နယူးဒေလီ မတ် ၂၉**

လေထုညစ်ညမ်းမှုကြောင့် တောင်အာရှတွင် နှစ်စဉ် အရွယ်မတိုင်မီ သေဆုံးသူနှစ်သန်းခန့်သည် ကမ္ဘာ့လေထုညစ်ညမ်းမှု အဆိုးရွားဆုံးမြို့ကြီးများတွင် နေထိုင်သူများဖြစ်ကြောင်း မတ် ၂၈ ရက်တွင် ထုတ်ပြန်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်တစ်ရပ်အရ သိရကြောင်း La Prensa Latina သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

လေထုညစ်ညမ်းမှု၏ ကျန်းမာရေးအကျိုးသက်ရောက်မှုများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများမှ နာတာရှည်ရောဂါများထိ၊ ပြင်းထန်သော မသက်မသာဖြစ်မှုများမှ ရောဂါကူးစက်မှုနှင့် အရွယ်မတိုင်မီသေဆုံးမှုများထိပါရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

လူဦးရေ နှစ်ဘီလီယံခန့်နေထိုင်ပြီး လူဦးရေထူထပ်သည့် ဒေသများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာတို့သည် တောင်အာရှတွင် ကျန်းမာရေးနှင့်မညီညွတ်သော ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို လွန်ကဲစွာ ကြုံတွေ့နေရကြောင်း ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါနိုင်ငံအများစုတွင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုမြင့်မားသည့်အပြင် ဒေသတွင်းရှိ ဆင်းရဲသောမိသားစုများသည် ချက်ပြုတ်ရန်နှင့် အပူပေးရန်အတွက် အစိုင်အခဲလောင်စာများကြောင့်ဖြစ်ပေါ်လာသော အိမ်တွင်းလေထုညစ်ညမ်းမှုအဆင့်ကို မြင့်မားစွာခံစားနေရကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေထုအရည်အသွေး ညွှန်ကြားချက်အရ လေထုအတွင်း PM 2.5 ရှိ အမှုန်အမွှားပါဝင်မှုသည် တစ်ကုဗမီတာလျှင် ၅ မိုက်ခရိုဂရမ်ထက်ပို၍မပါဝင်သင့်ကြောင်း အကြံပြုထားသော်လည်း တောင်အာရှဒေသတွင်းနေထိုင်သူ ၆၀ ရာခိုင်နှုန်းခန့်သည် PM 2.5 ကို တစ်ကုဗမီတာလျှင် ၃၅ မိုက်ခရိုဂရမ်ထက်ကျော်လွန်သော ဒေသများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

AZH

# ကမ္ဘာ့ရေချိုအပေါ် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှု

မေဇင်ထွန်း

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းရှိ ရေချိုများကို သက်ရောက်မှုရှိစေသည်။ ကမ္ဘာမြေကြီးတွင် ရေသည် ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းရှိသော်လည်း လူသားတို့အသုံးပြုနိုင်သော ရေချိုပမာဏမှာ သုံးရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် ပူပြင်းခြောက်သွေ့သဖြင့် ရေချိုများရှားပါးခန်းခြောက်လာသော အခါ ကမ္ဘာပေါ်ရှိလူဦးရေ၏ ၁ ဒသမ ၁ ဘီလီယံခန့်သည် ရေချိုရရှိမှုပြတ်လပ်ခြင်းနှင့် ကြုံတွေ့နေရပြီး ၂ ဒသမ ၇ ဘီလီယံရှိ လူသားများသည် နှစ်စဉ်နှစ်တိုင်း ရေချိုလုံလောက်စွာမရရှိကြသည့်အပြင် ၂ ဒသမ ၄ ဘီလီယံမှာ မသန့်ရှင်းသောရေများကို သုံးစွဲရသဖြင့် ကျန်းမာရေးပြဿနာများကို ခံစားနေရကြောင်း သိရသည်။

ထိုသို့ လူသားတို့၏ကျန်းမာရေးနှင့် ဂေဟစနစ်အတွက် အရေးကြီးလှသော ရေချိုအရင်းအမြစ်များသည် ရာသီဥတုပြောင်းလဲခြင်း၏ ရလဒ်ဖြစ်သော ကမ္ဘာကြီးပူနွေးမှုကြောင့် တဖြည်းဖြည်းခြောက်သွေ့ခန်းခြောက်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ရေကိုပုံမှန်ထက် လိုအပ်လာသည်။ ထိုသို့ ရေလိုအပ်ရခြင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုအခြေအနေများ ပြောင်းလဲခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်းများဖြစ်ပေါ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေလျှံခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်းနှင့် အပူချိန်မြင့်တက်ခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှု၏အဆင့်တိုင်းတွင် ရေချိုများပြောင်းလဲနေသည်။ ၎င်းပြောင်းလဲမှုများသည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၏ သောက်သုံးရေထောက်ပံ့မှု၊ အစားအစာထုတ်လုပ်မှု၊ ပိုင်ဆိုင်မှုတန်ဖိုးများနှင့် အခြားအရာများအပေါ် ဖိအားဖြစ်လာစေသည်။ ထို့ကြောင့် ရေချိုများကိုသက်ရောက်မှုဖြစ်စေသော အကြောင်းတရားများကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**အငွေ့ပြန်ခြင်း**

ပူသောလေသည် အေးသောလေထက် အစိုဓာတ်ကို ပိုထိန်းထားနိုင်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ပူနွေးလာသောကမ္ဘာကြီးတွင် ပူသောလေများ ပိုမိုများပြားလာကာ ၎င်းလေများသည် သမုဒ္ဒရာများ၊ ရေကန်များ၊ မြေဆီလွှာနှင့် အပင်များရှိ ရေဓာတ်များကို အငွေ့ပြန်စေပြီး စုပ်ယူသွားသည်။ ထိုသို့ပူသောလေထု၏ရေများကို စုပ်ယူခြင်းကြောင့် ခြောက်သွေ့သွားသည့် သဘာဝပတ်ဝန်းကျင်သည် ရေစက်ဝန်း၏ အဓိကလုပ်ငန်းစဉ်များဖြစ်သော လူသားတို့အတွက် သောက်သုံးရေထောက်ပံ့မှုနှင့် စိုက်ပျိုးရေးပိုင်းတို့ကို ထိခိုက်စေသည်။ ထို့ပြင် ပူနွေးစိုစွတ်သောလေသည် လူသားတို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည်။ ကိုလံဘီယာတက္ကသိုလ်၏ Lamont-Doherty Earth Observatory ၏ လေ့လာမှုအရ လေထုအတွင်း စိုထိုင်းမှုပမာဏမြင့်မားလာခြင်းသည် အနာဂတ်တွင် ပိုမိုမြင့်မားသော အပူချိန်ကို ဖြစ်ပေါ်စေသည်။

**မိုးရွာခြင်းနှင့်ဆီးနှင်းကျခြင်း**

ပူနွေးစိုစွတ်သောလေထုသည် အေးသောအခါ မိုးရွာသွန်းခြင်း၊ ဆီးနှင်းကျခြင်းများကို ဖြစ်စေသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ပူနွေးလာသောကမ္ဘာကြီးတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် နှင်းမုန်တိုင်းများ တိုက်ခတ်ခြင်းများဖြစ်လာသည်။ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ယခုအခါတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ အဖြစ်များလာပြီး ၎င်း၏ပြင်းထန်မှုနှင့် အကြိမ်အရေအတွက်တို့သည်လည်း မြင့်မားလာသည်ကို တွေ့ရသည်။ လေထုအပူချိန်နှင့် လည်ပတ်မှုပုံစံများပြောင်းလဲခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ကာ မိုးရွာသွန်းသည့်နေရာများလည်း ပြောင်းလဲသွားသည်။ ထို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ကြုံရသောဒေသများ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး မိုးရွာသွန်းမှုမရှိသည့်ဒေသများတွင် ခြောက်သွေ့လာသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသီများ၏လေ့လာမှုများအရ မိုးခေါင်ရေရှားမှုများမှာ ပိုမိုဆိုးရွားလာကာ ခြောက်သွေ့သော ရာသီဥတုပတ်ဝန်းကျင်အခြေအနေများသည် တောမီးလောင်ကျွမ်းမှုများကိုပိုမိုဖြစ်စေကြောင်း တွေ့ရှိခဲ့သည်။

**မြေပြင်ပေါ်တွင်စီးဆင်းသောရေများ**

ပူနွေးစိုစွတ်သည် လေပူများကြောင့် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံများဖြစ်ကာ လူတို့၏နေအိမ်များ ပျက်စီးစေသည့်အပြင် အသက်အန္တရာယ်ကိုလည်းဖြစ်စေနိုင်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံခြင်းများဖြစ်ကာ ကောက်ပဲသီးနှံများပျက်စီးပြီး စီးပွားရေးကိုလည်း ထိခိုက်လာစေသည်။ ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ရေကြီးရေလျှံမှုများ ပိုမိုအဖြစ်များလာသည်။



ပြင်းထန်သော မိုးသက်မုန်တိုင်းများတိုက်ခတ်ပြီးနောက် မြေပြင်ပေါ် စီးဆင်းလာသောရေများသည် ကမ္ဘာ့ရေမျက်နှာပြင်အမြင့်ကို တိုးလာစေသည်။ ထိုစီးဆင်းရွေ့လျားနေသောရေသည် မြေဆီလွှာမှ အာဟာရများကို သယ်ဆောင်သွားပြီး မြေမျက်နှာပြင်ကို ညစ်ညမ်းစေသော အညစ်အကြေးများနှင့် အခြားမလိုလားအပ်သော အရာများကို ပြန်လည်သယ်ဆောင်လာသည်။ ထိုအညစ်အကြေးများသည် လူသားတို့ အသုံးပြုနေသော ရေချိုကန်များ၊ အင်းအိုင်၊ တွင်းများအတွင်းသို့ စိမ့်ဝင်သွားခြင်းကြောင့် ရေပေးဝေမှုကို ညစ်ညမ်းစေသည်။ ဤသို့ဖြင့် ကမ္ဘာ့နေရာအတော်များများတွင် ရေ၏အရည်အသွေးသည် တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရသည်။

ထို့ပြင် ချောင်းများ၊ မြောင်းများအတွင်းသို့ အနည်အနှစ်များနှင့် ညစ်ညမ်းအညစ်အကြေးများ ရောက်ရှိလာခြင်းကြောင့် ရေထုသည် ညစ်ညမ်းလာပြီး ရေနေသတ္တဝါများနှင့် ထိုရေကိုသောက်သုံးကြသော အခြားကုန်းနေ တောရိုင်းတိရစ္ဆာန်များကို အန္တရာယ်ဖြစ်စေသည်။ စိုက်ပျိုးရေးတွင် အသုံးပြုသော ဓာတ်မြေဩဇာများသည် မိုးရွာခြင်းကြောင့်ဖြစ်သော မြေပေါ်ရေစီးကြောင်းများ၏သယ်ဆောင်မှုကြောင့် စိမ့်ထွက်မှုများ ဖြစ်လာသည်။ ရေစီးကြောင်းက အဆိုပါအညစ်အကြေးများကို သယ်ဆောင်ကာ ရေထုအတွင်းပို့ချမှုကြောင့် ရေညှိများကို ဖြစ်စေသည်။ ရေညှိများသည် ရေတွင်ကျက်စားနေထိုင်ကြသော ရေနေသတ္တဝါများကို အသက်ရှူကျပ်စေပြီး ရေထုကို ညစ်ညမ်းစေသည်။ ရေညှိများကြောင့် ငါးများရှင်သန်ရန် လိုအပ်သည့်ရေတွင် ပျော်ဝင်အောက်ဆီဂျင်ကို ရသင့်သလောက် မရရှိတော့ပေ။ ဤအခြေအနေများသည် ငါးဖမ်းလုပ်ငန်းကိုထိခိုက်စေပြီး ငါးဖမ်းခြင်း၊ ရေကူးခြင်းနှင့် အခြားသောအပန်းဖြေလှုပ်ရှားမှုများအတွက် ရေကန်များ၊ စမ်းချောင်းများကို အသုံးပြုလိုသူများအတွက် အခက်အခဲနှင့် အန္တရာယ်ဖြစ်စေသည်။

**သမုဒ္ဒရာများ**

ရာသီဥတုပြောင်းလဲမှုကြောင့် သမုဒ္ဒရာအတွင်း ပြောင်းလဲလာသော ပူနွေးသည့်အပူချိန်နှင့် အချဉ်ဓာတ်တိုးလာခြင်းသည် ပင်လယ်သတ္တဝါများ ရှင်သန်ရာတွင် အခက်အခဲဖြစ်စေကာ အသက်အန္တရာယ်ကို ဖြစ်စေသည်။ ဤပြောင်းလဲမှုများသည် အစာကွင်းဆက်သံသရာကိုလည်း ပြောင်းလဲစေသည်။ အပူချိန်ပြောင်းလဲမှုများသည် သမုဒ္ဒရာရေစီးကြောင်းများကို ပြောင်းလဲစေသည်။ သမုဒ္ဒရာအပူချိန်များသည် လေထုလည်ပတ်မှုပုံစံများကို မောင်းနှင်ပေးသောကြောင့် ၎င်း၏ရေစီးကြောင်းများ ပြောင်းလဲလာခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ရာသီဥတုပုံစံများကို ပြောင်းလဲနိုင်သည်။ ကိုလံဘီယာ၏နက္ခတ္တရာနှင့် မိုးလေဝသစောင့်ကြည့်လေ့လာရေးဌာန (Columbia's Lamont-Doherty Earth Observatory)မှ ရာသီဥတုသိပ္ပံပညာရှင် Richard Seager က မြင့်မားသော သမုဒ္ဒရာမျက်နှာပြင် အပူချိန်သည် မိုးရေချိန်ကို ပိုမိုပြောင်းလဲစေကာ တစ်နှစ်ထက်တစ်နှစ် မိုးလေဝသခန့်မှန်းနိုင်မှုကို လျော့ကျစေကြောင်း တွေ့ရှိခဲ့သည်။

ကမ္ဘာကြီးပူနွေးလာသောအခါ ရေခဲလွှာများနှင့် တောင်ထိပ်ရှိ ရေခဲမြစ်များ အရည်ပျော်လာသည်။ ထိုသို့အရည်ပျော်လာသည်နှင့်အမျှ ၎င်းပျော်သွားသောရေများသည် သမုဒ္ဒရာများထဲသို့ ရောက်ရှိလာသည့်အခါ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည်။ ထိုသို့ ပင်လယ်ပြင်မျက်နှာပြင်မြင့်တက်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းပိုင်ဆိုင်မှုများကို ထိခိုက်စေသည်။

**နှင်းခဲများ**

နှင်းခဲဆိုသည်မှာ နှင်းများမြေပြင်ပေါ်သို့ကျသည့်အခါ အေးခဲနေသောအပူချိန်ရှိသည့် တောင်များပေါ်သို့ကျသဖြင့် လပေါင်းများစွာ အရည်ပျော်ခြင်းမရှိသောနှင်းများကို နှင်းခဲ (Snowpack)ဟုခေါ်သည်။ နှင်းခဲများတွင် နှင်းအလွှာများစွာပါဝင်နိုင်ပြီး နှင်းခဲများတစ်ခုစီတွင် မတူညီသောနှင်းကျမှုတစ်ခုစီမှ ဖြစ်ပေါ်ခြင်းဖြစ်ပြီး နောက်ထပ်နှင်းကျလာသည့်အခါ အပေါ်မှ နောက်ဆက်တွဲနှင်းအလွှာများ၏ အလေးချိန်ကြောင့် အောက်တွင်ရှိသော နှင်းများသည် ကျုံ့သွားသည်။ ပုံမှန်အားဖြင့် ဆောင်းရာသီတွင်၎င်းနှင်းခဲများ အရည်ပျော်လာလေ့ရှိပြီး ထိုသို့အရည်ပျော်လာသည်နှင့်အမျှ မြစ်များနှင့် ချောင်းများဆီသို့ သောက်သုံးရေလိုအပ်ချက်ဖြစ်သည့် ရေချိုကိုဖြည့်ဆည်းပေးသည်။ ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းခြင်းက သဘာဝအတိုင်းဖြစ်ပေါ်နေသော မြေပြင်ပေါ်ရှိ နှင်းခဲအလွှာများ၏ အရည်ပျော်မှုကို အရှိန်မြင့်သွားစေသည်။

နှင်းခဲလွှာများမရှိခြင်းသည် ပိုမိုခြောက်သွေ့သော အခြေအနေသို့ ဦးတည်သွားစေနိုင်ပြီး သောက်သုံးရေပြန်လည်ဖြည့်တင်းရန် နှင်းခဲအရည်ပျော်မှုကို အားကိုးနေရသည့် ဒေသများအတွက် ရေရှားပါးမှုများဖြစ်လာနိုင်သည်။ ဥပမာအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် နှင်းခဲများဖြစ်ပေါ်မှုကျဆင်းလာခြင်းသည် ရေရှည်တွင် မိုးခေါင်မှုနှင့် ရေပြတ်လပ်မှုကိုဖြစ်စေသည်။ ထို့ပြင် နှင်းခဲများနည်းပါးလာမှုသည် နှင်းလျှောစီးခြင်းနှင့် ဆောင်းရာသီခရီးသွားလုပ်ငန်းကို ထိခိုက်စေသည့်အပြင် နှင်းခဲဒေသများတွင်နေထိုင်သော တောရိုင်းတိရစ္ဆာန်များကိုလည်း ထိခိုက်စေနိုင်သည်။

**ရေဖိအား**

ရေဖိအားဆိုသည်မှာ ရေပေးဝေမှု၊ ရေအသုံးပြုမှုနှင့် ရေချို၏အရည်အသွေးတို့တွင် ဖြစ်ပေါ်လာသော ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသည့် ပျက်စီးယိုယွင်းနေသော၊ အိုမင်းဟောင်းနွမ်းနေသော ရေအခြေခံအဆောက်အအုံများသည် အထက်ပါရေပြဿနာများကို ဖြေရှင်းနိုင်စွမ်းမရှိပေ။

ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ရေပြတ်လပ်မှုဖြစ်စဉ်များ ပိုများလာနိုင်သည်။ ရာသီဥတုပြောင်းလဲခြင်းသည် သဘာဝအတိုင်းဖြစ်ပေါ်နေသော ဂေဟစနစ်ဖြစ်စဉ်များကို ပြောင်းလဲစေပြီး ရေလိုအပ်ချက်ပြောင်းလဲမှုများကိုလည်း ဖြစ်ပေါ်စေသည်။ ရေလည်ပတ်မှုပြောင်းလဲခြင်းအပြင် ရာသီဥတုဖောက်ပြန်ခြင်းသည် လူသားတို့၏ရေကို အသုံးပြုပုံနှင့် ရေကို မည်မျှလိုအပ်သည်ကို ပြောင်းလဲနိုင်သည်။ မြင့်မားသောအပူချိန်နှင့် ရေငွေ့ပြန်နှုန်းများသည် ကမ္ဘာတစ်ဝန်းရှိ နေရာအများအပြားတွင် ရေလိုအပ်ချက်ကို တိုးလာစေနိုင်သည်။ အမေရိကန်နိုင်ငံအနေဖြင့် သာဓကပြရမည်ဆိုလျှင် အမေရိကန်နိုင်ငံတွင် နေထိုင်သော ခန့်မှန်းလူဦးရေ ၁ ဒသမ ၆ သန်းခန့်သည် ဘေးကင်းသောသောက်သုံးရေကို လက်လှမ်းမမီနိုင်သေးသည်ကို လေ့လာတွေ့ရှိရသည်။

မစ်ရှီဂန်ပြည်နယ်တက္ကသိုလ်မှ လေ့လာမှုတစ်ခုအရ ရာသီဥတုပြောင်းလဲမှု၊ သက်တမ်းကြာမြင့်နေသော ရေအခြေခံအဆောက်အအုံနှင့် အခြားသောအကြောင်းအရာအချက်အလက်များကြောင့် အမေရိကန်အိမ်ထောင်စု ၄၀ ဒသမ ၉ သန်းသည် ၂၀၂၂ ခုနှစ်ကစပြီး မသန့်ရှင်းသည့်သောက်သုံးရေနှင့် ရေဆိုးပြဿနာများကို ရင်ဆိုင်နေရကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ၂၀၇၁ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ ရေချိုကန် ၂၀၄ ကန်၏ထက်ဝက်ခန့်သည် ၎င်းတို့၏ လစဉ်ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း ဟားဗတ်တက္ကသိုလ်၏ လေ့လာမှုတစ်ခုအရ သိရသည်။ ၎င်းမှာ တိုးပွားလာသော လူဦးရေကြောင့်သာမက ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကြောင့်လည်းဖြစ်သည်။ အမေရိကန်နိုင်ငံ၏ ဒေသအများအပြားသည် ၎င်းတို့၏ရေပေးဝေမှုကို လက်ရှိပမာဏ၏ သုံးပုံတစ်ပုံထိ လျော့ကျသွားသော်လည်း ရေချိုသုံးစွဲလိုမှုအားမှာ ဆက်လက်တိုးလာနေသည်ကို တွေ့ရှိနိုင်သည်။ ဤသည်မှာ စိုက်ပျိုးရေးအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်လည်းဖြစ်လာနိုင်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားဖော်ပြအပ်ပါသည်။

**ကိုးကား**

- **How Climate Change Impacts Our Water**

## ဘ၀နတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တနာယက

## သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၂၄)ဝါ

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်နေ ခမည်းတော်(ဦးထွန်းရင်)+ မယ်တော်(ဒေါ်ကြည်) တို့၏သား၊ ဒေါက်တာအောင်နိုင်ဦး+ဒေါက်တာသိဂီခေါင်(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဖြူးနယ်မြေ)၊ ခေတ္တစင်ကာပူနေ ဦးအေးလွင်+ဒေါ်ရွှေစင်လတ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းလင်း+ဒေါ်ဇာခြည်ကျော်လင်းတို့၏ အနန္တဂိုဏ်းဝင်မွေးသဖခင်ကျေးဇူးရှင်၊ မောင်ရဲမင်းမြတ်၊ မနှင်းချယ်ရီအေး၊ မောင်အောင်ကောင်းသူ၊ မပြည့်ပြည့်ဟန်၊ မသီရိလင်းလက်တို့၏ အဘိုးဖြစ်သူ ပဲခူးမြို့နယ်၊ ကွေ့တန်းရှည်ကျေးရွာအုပ်စု၊ ကျိုက်ကေကျေးရွာ၊ သုခကာရီကျောင်းတိုက်၌ သီတင်းသုံးတော်မူသော **"ဘဒ္ဒန္တနာယက" သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၂၄)ဝါ**သည် ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်၊ ၂၉-၃-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့) ည(၇း၁၅)နာရီတွင် ထားဝယ်မြို့၌ ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ ၃၁-၃-၂၀၂၃ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်၊ သီရိမင်္ဂလာကျောင်းတိုက်၊ ယာယီစံကျောင်းတော်မှ ညောင်ရမ်းတောင်ရပ်ကွက်၊ ဘုန်းကြီးပျံကုန်းသို့ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင်ကျင်းပမည်ဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် တပည့်ဒါယကာ၊ ဒါယိကာမများမှ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစုနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်းစသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။





# ဟိုပုန်းမြို့နယ်တွင် ဒေသထွက်ငရုတ်ပွသီးတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိ



**ဟိုပုန်း မတ် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ငရုတ်ပွသီးများတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဟိုပုန်းမြို့နယ် ငရုတ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထားထားက ပြောပြ၍ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဟိုပုန်းဒေသထွက် ငရုတ်ပွသီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ မှ ၆၀၀၀ ထိသာ ပေါက်ဈေးရှိခဲ့ပြီး လက်ရှိ မတ် ၁ ရက်မှ ယနေ့ထိ ငရုတ်ပွသီးတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ငရုတ်ပွသီး ဈေးကောင်းရရှိနေခြင်းသည် ယခုနှစ် ငရုတ်ပွသီးစိုက်သူနည်းခဲ့ခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ပြီး ငရုတ်ဈေးကောင်းနေသည့်အတွက် ငရုတ်စိုက်တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။

"လက်ရှိ ငရုတ်သီးဈေးက ငရုတ်ပွသီးပဲမဟုတ်ဘဲ အခြား ငရုတ်သီးတွေလဲ ဈေးကောင်းရနေပါတယ်။ လက်ရှိအချိန် ဟိုပုန်းဒေသမှာ ငရုတ်ပွသီးတွေပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုနှစ် ငရုတ်ပွသီးဈေးက အရင်လထက် တော်တော်လေးဈေးကောင်းနေပါတယ်။ ဒေသထွက် ငရုတ်တွေ အထွက်နည်းနည်းလာလို့ ဈေးကောင်းရနေတာဖြစ်ပါတယ်။ ဒီဘက်ကနေထွက်တဲ့ ငရုတ်ပွသီးတွေကို လားရှိုးမြို့နယ်နဲ့ တောင်ကြီးမြို့တွေအပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဒီနှစ် ငရုတ်ပွသီးက ဈေးကောင်းရတော့ စိုက်တဲ့သူတွေ ဘက်ကလဲ အဆင်ပြေတာတွေ့ရပါတယ်။ ငရုတ်ပွဈေးကောင်းနေပေမဲ့လဲ ရောင်းအားကလဲ တက်နေပါတယ်"ဟု ဟိုပုန်းမြို့နယ် ငရုတ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထားထားက ပြောပြသည်။

ဟိုပုန်းမြို့နယ်မှ ထွက်ရှိသည့် ငရုတ်ပွသီးများကို စနစ်တကျ ရွေးချယ်သန့်စင်ထုပ်ပိုးပြီး လားရှိုးမြို့၊ တောင်ကြီးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် တောင်သူများသည် ငရုတ်ပွသီးနှံ့အပြင် လက်ဖက်၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ စတော်ဘယ်ရီသီး၊ ဖရဲသီး၊ နာနတ်သီး၊ ကြံ၊ ခရမ်းချဉ်သီး စသည့်သီးနှံ့အမျိုးအစားများကိုလည်း စိုက်ပျိုးကြကြောင်း၊ ငရုတ်ပွသီးနှံ့ကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ဧက ၂၀ ထိ စိုက်ပျိုးကြကြောင်း ဒေါ်ထားထားက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် သစ်နဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ သစ်နဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းက သစ်နဖားကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်ဖြူးသီရိဝေက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်များနှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သစ်နဖားကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၂၂ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၃၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၄၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**










## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

❖ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုး ထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားပုံစံအသစ်အား (၁-၇-၂၀၂၁) ရက်မှ စတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲ တပ်ဆင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံ အသစ် ပြောင်းလဲတပ်ဆင်ခြင်းအား အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာ ယာဉ်များ၊ အဝေးပြေး ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီး သည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ် များအားလုံးသည် (၃၁-၃-၂၀၂၃)ရက်အပြီး သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများ နှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

❖ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာ ယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီး သည် တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ် များအားလုံးသည် (၃၁-၃-၂၀၂၃)ရက်နေ့အပြီး မပျက်မကွက် ပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေး နှိုးဆော်အပ် ပါသည်။

❖ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီ ဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြား အသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**


ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက် ရှူလမ်းကြောင်းကို တိုးတက်ကောင်း မွန်စေသည်။



ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။



**ပျောက်ဆုံးကြောင်း**

ပိုင်းကြီးကျွန်းမြို့နယ်နေ ဒေါ်အေးအေး အောင်(ဘ)ဦးကျော်ဆော (၁၄/ပတတ (နိုင်)၀၀၉၇၁၇)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉–၆၆၁၈၃၈၀၀၁၂

**ပျောက်ဆုံးကြောင်း**

ကလေးမြို့နေ ဂျယ်ရီဂျုမ်စိုက်(ဘ) ဦးနီးထဲ (၅/ကလထ(နိုင်)၁၉၉၇၂၅) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၄၀၂၆၃၅၇၅၁

**ပျောက်ဆုံးကြောင်း**

သာပေါင်းမြို့နေ နော်ဟဲနေစေး (ဘ)စောပလယ်ထူး (၁၄/သပန(နိုင်) ၁၃၅၉၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၄၀၇၅၁၄၆၄၅

**ပျောက်ဆုံးကြောင်း**

ဟသာတမြို့နေ မင်းရဲစိုးသူ (ဘ) ဦးကျော်မျိုး (၁၄/ဟသတ(နိုင်)၃၆၅ ၁၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၉၇၇၀၄၄၄၇၈

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နယ်နေ ဦးသက်ပိုင်စိုး (ဘ) ဦးစိုးဝင်း (၁၄/မအန(နိုင်)၁၈၉ ၈၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၆၆၀၂၈၆၀၉၂

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နယ်နေ ဦးဇော်နိုင် (ဘ) ဦးသောင်းညွန့်(၁၄/မအန(နိုင်) ၁၅၆၉၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၆၈၀၈၆၄၈၂၀

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ စမ်းကြူကြူဝင်း(ဘ) မန်းသန်းဝင်း (၁၄/ကပန(နိုင်)၁၈၃ ၂၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၆၆၈၄၅၆၈၉၃

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ ရွှေစင်ဦး (ဘ) ဦးချစ်ဦး (၁၄/ကပန(နိုင်)၂၁၇၃၅၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၇၉၂၇၈၁၀၄၇

**ပျောက်ဆုံးကြောင်း**

ဘုတလင်မြို့နေ အေးကို (ဘ) ဦးကျော်သန်း (၅/ဘတလ(နိုင်)၁၁၉ ၇၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉–၉၈၃၇၇၇၉၈၆



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ – လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း – ၀၁–၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်...

❖ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏သားသမီးများကိုလည်း စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လို...

❖ ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှုမှတ်သားလေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင်ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၂၉**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ **စာမျက်နှာ ၁၇ ကော်လံ ၂**☆


## ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com